# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁)ရက် ၊ သောကြာနေ့ ၊ (5-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၁၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ မိမိတို့အနာဂတ် အခြားသူမဆုံးဖြတ်နိုင်ဖို့ နိုင်ငံသားတိုင်း ဆန္ဒမဲပေးကြပါစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးရှိ သာသနိကအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် သာသနိကအဆောက်အအုံများကို ရှေးမူမပျက်ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိကြပြီး

**စာမျက်နှာ ၁၈ ကော်လံ ၁** ⚐




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်

### အယ်ဒီတာ့အာဘော်

# ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် ဖော်ဆောင်

ပြင်ဦးလွင်ဒေသသည် မြန်မာနိုင်ငံ၏ ခရီးသွားဒေသများအနက် အထင်ကရဒေသတစ်ခုဖြစ်ပြီး အေးမြကာသန့်ရှင်းလတ်ဆတ်သော ရာသီဥတုနှင့် စိမ်းလန်းစိုပြည်သော ရေမြေတောတောင်သဘာဝများ၊ ဒေသထွက်အစားအသောက်များ၊ ဒေသခံများ၏ ဖော်ရွေပျူငှာမှုတို့နှင့်အတူ ပန်းပေါင်းစုံတို့ဖူးပွင့်ဝေဆာမှုတို့ဖြင့် ကောင်းသတင်းဝေဖြာသော ဒေသမြို့တစ်မြို့ဖြစ်သောကြောင့် ပန်းမြို့တော်ဟုလည်း တင်စားခေါ်ဝေါ်ကြပေသည်။

ထို့ပြင် ဆောင်းရာသီ၏ အထင်ကရပန်းတစ်မျိုးဖြစ်သည့် ချယ်ရီပန်းများသည်လည်း တစ်မြို့လုံးဝေဆာအောင်ဖူးပွင့်လေ့ရှိကြသဖြင့် ချယ်ရီမြို့တော်ဟုလည်း လူသိများကြသည်။ ချယ်ရီပန်းများသည် နှစ်စဉ်ဒီဇင်ဘာ၊ ဇန်နဝါရီလတို့တွင် စတင်ဖူးပွင့်လျက်ရှိကြပြီး ဖေဖော်ဝါရီ၊ မတ်လထိ အပွင့်များဝေဆာစွာဖူးပွင့်လျက်ရှိကြသည်။ ပြင်ဦးလွင်မြို့၏ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ရေခံမြေခံကောင်းရှိသောကြောင့် အလှပန်းပေါင်းစုံစိုက်ပျိုးရှင်သန်ဖြစ်ထွန်းသဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလာရောက်လည်ပတ်ရာ နေရာလည်းဖြစ်သည်။

**"ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ရမည်ဖြစ်ပြီး ဒေသပန်းမျိုးများ၊ နိုင်ငံခြားဖြစ်ပန်းမျိုးများအားလုံး ဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်၍ အခြားဒေသများသို့ ဖြန့်ချိနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း ပန်းများကိုတင်ပို့ရောင်းချနိုင်မည် ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိစွာ အသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် ဖော်ဆောင်သွားကြရမည် ဖြစ်ကြောင်း"** ဒီဇင်ဘာ၂ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားခဲ့သည်။

ထို့ကြောင့် ပန်းမြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်လာစေရေး ပြင်ဦးလွင်မြို့ကို ဆောင်ရွက်ရာတွင် ဒေသအတွင်း ပန်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကျွမ်းကျင်ပညာရှင်များနှင့် စနစ်တကျဆောင်ရွက်ကြရန်လိုပြီး ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သုတေသနပြုလုပ်ရန်လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်းမျိုးသန့်များကိုလည်း ဒေသတွင်းအောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်စေရေး စမ်းသပ်မှုများလုပ်ရန် လိုအပ်ပေသည်။ သစ်ပင်ပန်းမန်များကို ဥယျာဉ်နေရာများတွင်သာမက ပြင်ဦးလွင်မြို့အတွင်းရှိ လမ်းများ၊ ရပ်ကွက်များတွင်လည်း မျက်စိပသာဒဖြစ်စေရန်အတွက် စိုက်ပျိုးကြရန် လိုပေသည်။

ပြင်ဦးလွင်မြို့တွင် ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော မြေမြို့ပန်းမျိုးများ၊ နှင်းဆီပန်းများ အပါအဝင်အခြားသောပန်းမျိုးများကို သုတေသနပြုလုပ်၍ အရောင်အသွေးစုံ၊ အပွင့်ပုံစံမျိုးစုံ ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိရေးအတွက် ဒေသမျိုးအချင်းချင်း မျိုးကူးစပ်ခြင်း၊ စုဆောင်းထားရှိသည့် ဒေသမျိုးများနှင့် ပြည်ပမျိုးများ မျိုးစပ်မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပန်းရောင်စုံမျိုးသစ်များပေါ်ထွက်ရေးကို ကျွမ်းကျင်ပညာရှင်များက သုတေသနလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပေသည်။

သို့ဖြစ်ရာ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဟုယခင်ကတည်းကပင် နာမည်ရပြီးသားမြို့ဖြစ်သည့်အတွက် ပန်းမြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် အစဉ်အလာကောင်းများကို တာဝန်ရှိသူများနှင့်အတူ ခရီးသွားပြည်သူများ၊ ဒေသခံများက ဆက်လက်၍ လက်ဆင့်ကမ်း ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

၂၀၂၅ ခုနှစ်၊
ပါတီစုံဒီမိုကရေစီ
အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၂၃
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ
အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

မန္တလေးလိပ်စာ
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

## ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၀၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၀၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၄၅၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၀၀၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဖူးစားပြောင်းဧက ၂၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးရာမှာ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ်ဝက်လက်မြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

## မနေပြည်တော်... 

## နေပြည်တော်

## ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက် စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ တစ်လအတွင်းမှာ ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခု ဒီဇင်ဘာလထဲမှာလဲ ဓနုဖြူမြို့နယ် ဘက်ကဆန်တွေ အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းဆန် ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၃၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆန်များကို တင်ပို့အား ကောင်းနေခြင်းကြောင့် ကုန်သည်များ၊ တောင်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝေါမြို့နယ် တောစွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဘော့ကန်ကျေးရွာအုပ်စု တောစွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဆန်းမင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောစွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ရီ အောင်မြင့်မိုရ်ဟိုတယ်နှင့် သာစည်ရောင်းဝယ်ရေးမိသားစုတို့က ဆွမ်းအလှူငွေကျပ် ၈၅၀၀၀၀ လှူဒါန်းရာ ကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၃၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၃၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၃၄၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ခင်ဦးမြို့နယ်တွင် ၄၈၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၈၅၄ ဧက စုစုပေါင်း ၁၃၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ပဲကြီးဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ပဲကြီးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ခင်ဦးမြို့နယ်တွင် ဧက ၁၃၅၀၊ ဝက်လက်မြို့နယ်တွင် ၂၁၂၅ ဧက စုစုပေါင်း ၃၄၇၅ ဧကဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ပဲကြီးစိုက်တောင်သူများကို ပဲကြီးစိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် မြိုင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြိုင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြိုင်သာကျေးရွာတွင်မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၁၅ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြိုင်သာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၉ ဦးကို ငွေကျပ် ၃၂ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၁၂သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဒီဇင်ဘာ ၄**


ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချမှု အားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ငါးရှဉ့်များကို အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချအားတက်ခဲ့တာက ပြည်ပပို့ကုန်လုပ်ငန်းတွေ ပြန်လည်လည်ပတ် လုပ်ကိုင်လာတာကြောင့်လို့ သိရပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်ယူအားကောင်းလာတော့ ငါးရှဉ့်မွေးမြူသူတွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်းတင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက်ရှိသည့် ငါးရှဉ့်များကို ပြည်တွင်းရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဂမုန်း သဇင် စာသဘင်နှင့် နတ်တင်ပူဇော် လနတ်တော်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

"သာစွလေ၊ နှင်းဝေမှိုင်းရည်၊ မိဂသီနှင့်၊ အညီမိုးလ၊ ပြည့်ဝင်းပလျက်၊ ချမ်းမြရတု၊ ဓနုရာသီ၊ ရောက်ပြီဝန်းကျင်၊ ဂမုန်းအင်နှင့်၊ သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ကျွေးမြဲစီရင်၊ ရွှေကြိုးငင်လျက်၊ တိမ်ညင်သွင်မြူး၊ သေရူးပွမ်းပွမ်း၊ ထိတ်ထိတ်မွမ်းမျှ၊ ဆင်ဖမ်းသဘင်၊ ပျော်မြူးရွှင်သည်၊ မြေပြင်ထိန့်ရိုက်၊ မွန်းတည့်လေ။ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝန်းတည့်လေ"

**(ဦးအောင်ကြီးဖွဲ့ လူးတား)**

“နတ်တော်လ”နှင့် ပတ်သက်၍ ပုဂံခေတ်ကျောက်စာများတွင် “နတ္တာဝ်၊ နတ်တော်ဝ်၊ နတ္တဝ်၊ နတ်တင်" စသည်ဖြင့် ရေးထိုးမှတ်တမ်းတင်ထားခဲ့ကြသည်။ “နတ်၊ နထ်၊ နာထ” (ပါဠိသက်ဝေါဟာရ) ကိုးကွယ်ဆည်းကပ်ရာ။ “တော်” ဟူသော ပေါရဏစကားမှာ “အိုးကြီးဒေါ်မား၊ တော်ကားအရှင်” ဟူသော ပေါရာဏ လင်္ကာအရ“တော်" ကြီးကဲသူ၊ မြင့်မြတ်သူ။ ထို့ကြောင့် ကြီးကဲမြင့်မြတ်သူပညာရှင်ကြီးများကို ကိုးကွယ်ပူဇော်ချီးမြှောက်သောလအခါသမယဟု သတ်မှတ်ထားခဲ့ကြသည်။ နတ်တို့ကို အကြောင်းပြု ပေါ်ပေါက်လာသောလ နတ်တို့ပျော်မြူးကြလေ့ရှိသဖြင့် “နတ်ပျော်လ” ဟုလည်း ခေါ်ခဲ့ကြသည်။

ပုဂံခေတ်ဦးက မင်းမဟာဂီရိနတ် မောင်နမကို ကိုးကွယ်မှုအစပျိုးခဲ့ကြရာမှ နတ်ကိုးကွယ်မှု အစဉ်အလာသည် ယနေ့ထိ ရှိနေကြဆဲပင်။ ရှင်အရဟံ မထေရ်နှင့် အနော်ရထာမင်းတို့ကြောင့် ပုဂံခေတ်၏ ပုပ္ပားနတ်တောင်ရှိနတ်ကိုးကွယ်မှုသည် တဖြည်းဖြည်းလျော့နည်းလာခဲ့သည်။ အင်းဝခေတ်တွင် ပုပ္ပားနတ်တောင်အစား မဟာပိန္နဲနတ်ကိုးကွယ်မှု ထွန်းကားလာခဲ့သည်။

တောင်ငူခေတ် ကောဇာသက္ကရာဇ် ၉၁၈ နှစ်ခန့်တွင် ဘုရင့်နောင်မင်းတရားကြီး လက်ထက်၌ မဟာပိန္နဲ နတ်တို့ကို ကိုးကွယ်ကြမည့်အစား နိုင်ငံအတွက် နှလုံးရည်၊ လက်ရုံးရည်ထူးချွန်ပြည့်စုံသူများကိုသာ ချီးမြှင့်ပူဇော်စေခဲ့သည်။

ထို့ပြင် တောင်ငူခေတ် မဟာဓမ္မရာဇာလက်ထက် ကောဇာသက္ကရာဇ် ၉၇၁ နှစ်ခန့်၌ “စာဆိုတော်ကြီး မင်းဇေယျ ယန္တမိတ်”က သူ၏ “စုလစ်ရွှေစင်” ချီရတုတွင် “နတ်လသဘင်၊ ဖျဉ်လည်းရုံထပ်၊ ဘွဲ့တပ်မည်ပေး၊ ဆုန်းရေးတိုက်ဖက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင် ရည်ရှူ၊ နန်းရတုကို..." ဟု ဖွဲ့ဆိုထားရာ နတ်တော်လတွင် ဆင်ဖမ်းသဘင်ကျင်းပကြကာ ကာယသတ္တိစွမ်းအား၊ လက်ရုံးရည်ပြခဲ့သူကို ဘွဲ့နှင်း ချီးမြှင့် ပူဇော်ခဲ့ကြကြောင်း ပေါ်လွင်သိသာစေသည်။

ကုန်းဘောင်ခေတ် (ကောဇာသက္ကရာဇ် ၁၁၄၃ နှစ်ခန့်) ဘိုးတော်မင်းတရားက (နာထ) နတ်မည်ထိုက်စွာသော ကာယဉာဏစွမ်းရည်ထက်မြက်သော စာပေပညာရှင်များကို ဂုဏ်ရည်ဘွဲ့အသီးသီးဖြင့် ပူဇော်စေခဲ့သည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်တွင် နတ်ကိုးကွယ်မှုများ ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့သည်။ စာဆိုတော်ကြီးများကို ပူဇော်ခဲ့ကြသည့် အစဉ်အလာအစဟု မှတ်တမ်းပြုထားကြသည်။

“နတ်တော်လရောက်၊ ကောက်ဆွပေါက်” ဟူသော စကားလည်းရှိသည်။ လယ်ယာထဲမှ ရိတ်သိမ်းပြီး နေအိမ်ရှိတလင်းထဲသို့ သယ်ဆောင်လာခဲ့ကြသော စပါးကောက်လှိုင်းစည်းများကို ကျွဲ၊ နွားများဖြင့် နင်းခြေ စပါးနယ်ကြရသည်။ နင်းနယ်ပြီးသောကောက်ပြန့်များကို ကောက်ရိုးတခြား၊ စပါးတခြားဖြစ်အောင် လယ်ယာလုပ်သားများက ဤလဤရာသီတွင် ကောက်ဆွပေးကြရသည်။ စပါးလှေ့ကာ စပါးများကို စုပုံခြင်တွယ်ကြရသည်။ ဆိုလိုတာက လယ်သမားများ၊ စပါးအထွက်နှုန်းကို ဤလတွင် မြင်တွေ့ကြရလေ့ရှိကြောင်းပင်ဖြစ်သည်။

“ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်၊ လနတ်တော်"၏ ရာသီအမည်က "ဓနု"၊ စန်းပြည့်နက္ခတ်က "မိဂသီ"၊ ယှဉ်တာရာက "ဟင်္သာတာရာ"၊ ရာသီရုပ်က "လေးစွဲယောကျ်ား" ရာသီပန်းက "သဇင်ပန်း" ရာသီပွဲက "မဟာပိန္နဲနတ်ပွဲ" (စာဆိုတော်ပွဲ) လပြည့်သန်းခေါင် နတ်ပေါင်းခပင်က "ဗောဓိညောင်ပင်" ရက်ရာဇာက "ဗုဒ္ဓဟူး၊ စနေ"၊ ပြဿဒါးက "ကြာသပတေး၊ သောကြာ" စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ် ဖော်ထုတ် မှတ်တမ်းတင်ထားခဲ့ကြသည်။

"ဒွါဒသရ၊ ဆယ့်နှစ်လဝယ်၊ ဒေဝနတ်များ၊ ပျော်ပါးကဲဆ၊ လွန်ရွှင်ပြ၍၊ နတ်လတွင်" ဟု နတ်တော်လတွင် နတ်တို့ပျော်မြူးကြလေ့ရှိသည်ကို အကြောင်းပြုကာ "နတ်ပျော်လ"ဟု ခေါ်ဆိုခဲ့ကြရာမှ "နတ်တော်လ"ဟု ပြောင်းလဲလာခဲ့ကြောင်း၊ "မဟာဥပရာဇ်ချောင်း" အရ မှတ်တမ်းတင်ခဲ့ကြသည်။

"သားပုတ္တာခြံရံကင်း၊ ကွင်းကြနတ်တော်" ဟူသော ရှေးစာဆိုအရ နတ်တော်လတွင် ထိမ်းမြားလက်ထပ်ခြင်းများကို ရှောင်ကြဉ်ကြရသည်ဆိုသော်လည်း ကာလရွေ့လျားလာသောအခါ ထိုအယူအဆမှာ ပျောက်ကွယ်သွားခဲ့သည်။

ယောမင်းကြီးဦးဖိုးလှိုင်က ဥတုဘောဇနသင်္ဂဟကျမ်းတွင် တန်ဆောင်မုန်း၊ နတ်တော်နှစ်လသည် ဆောင်းဟေမန္တဖြစ်သဖြင့် အေး၏။ လောကမခြောက်၊ ဆီးနှင်းများ၏။ ကျီး၊ ကျွဲ၊ သိုး၊ ဆင်တို့မြူးထူးကုန်၏။ သစ်မည် စည်၊ ဆီးဖြူ၊ ခဝဲ၊ ခတ္တာ၊ ဂမုန်း၊ သဇင်စသော ပန်းတို့သည် ပွင့်ကုန်၏။

"တန်ဆောင်မုန်း၊ နတ်တော်၊ ချမ်းစပေါ်၊ မှတ်ခေါ်
ဟေမန္တ။
ဆီးစေခန်းငြား၊ ကြေလွယ်သား၊ လေပွား
အာဟာရ၊ ရှောင်ပါကြ။
စပ်ဖန်အခါး၊ ရသာများ၊ လေပွားတတ်လှ၊
ရှောင်ကြဉ်ကြ။
ချိုဆိမ့်ချဉ်ပြန်၊ ရသာငန်၊ မှန်မှန်စားပါ၊ ဤအခါ။
ဆီအစေးများ၊ ရေငှက်သား၊ များများစားပါ၊
ဤအခါ။
ကရမက်အမွှေး၊ အကျော်အေး၊ လိမ်းရေးမှန်စွာ၊
ကုံ ကုမာ"

ဟူ၍ ဆောင်ဖွယ်ရှောင်ဖွယ်အသွယ်သွယ်ကို ဥတုဘောဇနသင်္ဂဟကျမ်းတွင် မှတ်သားရလွယ်ကူအောင် ရေးသားထားသည်။

နတ်တော်လ အခါသမယသည် မြန်မာလ ၁၂ လအနက် ကိုးလမြောက်ဖြစ်သည်။ တောင်လည်းသာမော၍ တောလည်းပျိုနုလျက်ရှိကာ နေခြည်ဖြာမှ နွေးရသော ဆောင်းဟေမန္တဖြစ်သည်။ နံနက်ခင်းနေရာအနှံ့အပြားတွင် ဆီးနှင်းများဖြင့် ရီဝေအုံ့ဆိုင်းလေ့ရှိသည်။ ဂမုန်း၊ သဇင်ဟူသော ရာသီပန်းများအပြင် တောပန်း၊ တောင်ပန်း၊ လယ်ယာပန်းများကလည်း နှင်းဆမ်းထားသဖြင့် ဖူးပွင့်ဝေဆာနေလေ့ရှိကြသည်။ ကျေးငှက်သာရကာ၊ ပျား၊ လိပ်ပြာ၊ နံ့ကောင်လေးများကလည်း ပန်းရောင်စုံကြားတွင် လှုပ်ရှားပျော်မြူး နေလေ့ရှိကြသည်။ ထို့ကြောင့် "တောင်လည်းသာမော၊ တောလည်းပျိုနု၊ မြေအထုမှာ၊ လိပ်ပြာ၊ ပျားသေး၊ ငှက်တစ်ဝေးလည်း၊ ချစ်ရေးကြင်လို့..."ဟူ၍ ဤလသာယာပုံကို ဖွဲ့ဆိုခဲ့သည်။

"လနတ်တော် ပျော်တုန်းမို့၊ အုန်းခြိမ့်ခြိမ့်လှာ
တေဇောခတ်အလာ၊ ရာသီမှာဓနု
ပြုဗ္ဗာသဋ္ဌ မိဂသီ၊ နေ့နာရီ ညဥ့်ကိုလည်းရှု....။
ရွှေဟင်္သာတာရာပြုနှင့် ၊ ပွင့်ဥက မှုံမှုံ
ရွှေသဇင်ဖူးငုံ ၊ ဖော်မစုံညွတ်ပျောင်း
မြတ်စာဆိုမဟာ၊ ပူဇော်ရာပွဲကန်တော့ကြောင်း...။"

**(အမည်မသိဖွဲ့၊ ရှေးတေးရိုး)**

**❖ နတ်တော်လ အခါသမယသည် မြန်မာလ ၁၂ လအနက် ကိုးလမြောက်ဖြစ်သည်၊ တောင်လည်းသာမော၍ တောလည်းပျိုနုလျက်ရှိကာ နေခြည်ဖြာမှနွေးရသော ဆောင်းဟေမန္တဖြစ်သည်။ နံနက်ခင်းနေရာအနှံ့အပြားတွင် ဆီးနှင်းများဖြင့် ရီဝေအုံ့ဆိုင်းလေ့ရှိသည်။ ဂမုန်း၊ သဇင်ဟူသော ရာသီပန်းများအပြင် တောပန်း၊ တောင်ပန်း၊ လယ်ယာပန်းများကလည်း နှင်းဆမ်းထားသဖြင့် ဖူးပွင့်ဝေဆာနေလေ့ရှိကြသည်။ ကျေးငှက်သာရကာ၊ ပျား၊ လိပ်ပြာ၊ နံ့ကောင်လေးများကလည်း ပန်းရောင်စုံကြားတွင် လှုပ်ရှားပျော်မြူးနေလေ့ရှိကြသည်။ ❖**

နတ်တော်လတွင် ရှေးခေတ်က ရာသီပွဲနှင့် ရိုးရာဓလေ့မှာ ဆင်ဖမ်းပွဲနှင့် နတ်ပူဇော်ပွဲများ ကျင်းပခဲ့ကြသော်လည်း ကုန်းဘောင်ခေတ်တွင် ထိုဓလေ့များ မှေးမှိန်သွားခဲ့ပြီး ပညာရှိစာဆိုအကျော်အမော်တို့ကို ချီးမြှင့်ဂုဏ်ပြုပွဲများ ကျင်းပလာခဲ့ကြသည်။

သူ့ကျွန်ဘဝတွင်မူ စာပေပညာရှင်ကြီးများသည် နှလုံးရည်တပ်သားကောင်းများအဖြစ် ကလောင်လက်နက်ဖြင့် နယ်ချဲ့တို့ကို သမိုင်းပေးတာဝန်ကျေပွန်စွာ တွန်းလှန်တိုက်ခိုက်နေခဲ့ကြသော်လည်း ချီးမြှင့်မြှောက်စားခွင့် အခြေအနေမပေးခဲ့သောကြောင့် လွတ်လပ်ရေးရရှိပြီးမှသာ သူတို့ကို အမှုကွန်းတင်ထားခဲ့ကြရသည်။

**မြန်မာနိုင်ငံစာဆိုတော်နေ့**

ဂျပန်ခေတ်ကာလက ပညာတံခွန်အသင်းသည် ကွမ်းခြံကုန်းမြို့၌ (ဆရာကြီး မင်းသုဝဏ်နှင့် ဆရာမကြီး ဒေါ်နုယဉ်တို့ မောင်နှမ၏ဇာတိမြို့)အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းဆောင်ရွက်နေစဉ် "ဦးပုညနေ့" ကျင်းပကြရန် ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးသို့ တင်ပြခဲ့သည်။ အသင်းကြီးက စာဆိုတော် တစ်ဦးအတွက် နေ့တစ်နေ့ သတ်မှတ် ကျင်းပခြင်းထက် စာဆိုတော်အများနှင့် သက်ဆိုင်သော နေ့တစ်နေ့အဖြစ် လေးနက်ကျယ်ပြန့်စွာ၊ သတ်မှတ်ကျင်းပခြင်းက ပိုမို၍ သက်ဝင်ထိရောက်နိုင်ကြောင်း ဆင်ခြင်သုံးသပ်ခဲ့သည်။ ထို့ကြောင့် စာပေပညာရှင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် ပညာတံခွန်အသင်းမှပုဂ္ဂိုလ်များ၊ ၁၉၄၄ ခုနှစ် မေ ၈ ရက်တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး "ဦးပုညနေ့"အစား "ဗမာ့စာဆိုတော်နေ့"အဖြစ်ကျင်းပရန်နှင့် စာဆိုတော်နေ့ကို နှစ်စဉ်မြန်မာနှစ် နတ်တော်လဆန်း ၁ ရက်နေ့တိုင်း ကျင်းပသွားရန် သတ်မှတ်ဆုံးဖြတ်ခဲ့ကြသည်။

ထိုသို့ဆုံးဖြတ်ချက်အရ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက် (၁၃၀၆ ခုနှစ်)တွင် စတင်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက ဝိဇယပြဇာတ်ကခဲ့သည်။ အနယ်နယ်အရပ်ရပ်မှာလည်း စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ စာပေသရုပ်ဖော်ပွဲများ၊ စာပေပြိုင်ပွဲများနှင့် စာပေဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

ထိုအချိန်မှစ၍ နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့တိုင်း စာဆိုတော်နေ့အခမ်းအနားများကို ရန်ကုန်မြို့အပါအဝင် နိုင်ငံတော်အနှံ့အပြားတွင် ကျင်းပခဲ့ကြသည်။ ရန်ကုန်မြို့တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းက ဦးဆောင်ကျင်းပခဲ့ရာ သက်ကြီးဝါကြီး စာရေးဆရာကြီးများကို ကန်တော့ခဲ့ကြခြင်း၊ စာပေဟောပြောပွဲများ ကျင်းပခဲ့ကြခြင်း၊ ညပိုင်းတွင် ရှေးစာဆိုတစ်ဦးဦး၏ အတ္ထုပ္ပတ္တိကို ဇာတ်အိမ်ဖွဲ့ကာ နာမည်ကျော်စာရေးဆရာ၊ ဆရာမများကိုယ်တိုင် သရုပ်ဆောင်များအဖြစ်ပါဝင်ပြီး ပြဇာတ်များတင်ဆက်ကပြခြင်းဖြင့် စာပေသဘောအရ စာဆိုတော်ကြီးများကို ဂုဏ်ပြုခဲ့ကြခြင်း၊ နေ့ဘက်မှာ စာရေးဆရာများသာပါဝင်သော အခမ်းအနားများကို ကျင်းပခဲ့ကြပြီး ညဘက်မှာ ပြည်သူများကြည့်ရှုခံစားနိုင်ကြစေရန် ပြဇာတ်များဖြင့် ဖျော်ဖြေခဲ့ခြင်း၊ ထို့ပြင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် "စာပေ""စာရေးဆရာ" စသည့် စာစောင်မဂ္ဂဇင်းများ ထုတ်ဝေခဲ့ခြင်း၊ ၁၃၁၂ ခုနှစ် စာဆိုတော်နေ့အခမ်းအနားကို လူထုအစည်းအဝေး အခမ်းအနားကြီးအဖြစ် လှုံ့ဆော်စည်းရုံးခဲ့ကြပြီး "စာဆိုတော်နေ့ကို တစ်မျိုးသားလုံးနှင့် သက်ဆိုင်သောနေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကျင်းပနိုင်ရန် စတင်ဆောင်ရွက်နိုင်ခြင်း စသည့် အစဉ်အလာကောင်းများရှိခဲ့ကြသည်။ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာဆိုတော်တစ်ဦးချင်းကို ဂုဏ်ပြုအမွှမ်းတင်သည့်အနေဖြင့် ၁၃၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်တင်ဆက်ကပြခဲ့ကြသော ပြဇာတ်များကို ၁၃၁၇ ခုနှစ်ထိ ဆက်လက်ကပြခဲ့ကြသော်လည်း ၁၃၁၉ ခုနှစ်မှစ၍ ထိုအစီအစဉ်ကို ရပ်နားခဲ့ကြသည်။

စာမျက်နှာ ၅ သို့ á

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၃၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၃၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၄၁၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၃၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင်ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးစသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ကပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

သို့သော် အနယ်နယ်အရပ်တွင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများသာမက စာပေပြိုင်ပွဲများ၊ စကားရည် လုပွဲများနှင့် ပဒေသာကပွဲများကို ကျင်းပခဲ့ကြသည်။ "စာဆိုတော်နေ့"ကို ၁၉၄၄ ခုနှစ် (၁၃၀၆)ခုနှစ် မှစတင်၍ ကျင်းပခဲ့သော်လည်း "မြန်မာနိုင်ငံစာရေးဆရာအသင်း"ကိုမူ ၁၉၄၀ ပြည့်နှစ် (၁၃၀၂)ခုနှစ် ကတည်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဖဆပလအစိုးရလက်ထက်တွင် မြန်မာပြည်စာရေးဆရာအသင်း"တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် "မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့" ဒီမိုကရေစီခေတ်ပြောင်းလာသောအခါ မြန်မာနိုင်ငံ စာရေးဆရာအသင်း"ဟူ၍ အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

အမှန်တကယ်တွေးကြည့်လျှင် နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော "မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး" ပထမပိုင်း (၁၉၄၀ မှ ၁၉၆၂ ထိ) ၂၂ နှစ်၊ ဒုတိယပိုင်း (၁၉၆၆ခုနှစ်တွင် ဆရာကြီးမင်းသုဝဏ်ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သော စာပေလုပ်သားအဖွဲ့မှ "စာပေနှင့်စာနယ်ဇင်းအဖွဲ့" လက်ရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း ၂၀၂၅ ခုနှစ်ထိ) ၅၉ နှစ် စုစုပေါင်း နှစ်ပေါင်း ၈၀ စိန်ရတုခရီးကိုပင် ကျော်လွန်ခဲ့လေပြီ။ စာပေအဖွဲ့များ မည်သို့ပင် ပြောင်းလဲဖွဲ့စည်းခဲ့သော်လည်း စာဆိုတော်နေ့များကိုကား နှစ်စဉ်မပျက် ကျင်းပလာခဲ့ကြသည်။ ယခုဆိုလျှင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် "အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု" များကိုလည်း နှစ်စဉ်မပျက် ကျင်းပနိုင်ခဲ့ကြသည်။ စာဆိုတော်နေ့၏ ဖွားဖက် တော် စာပေဟောပြောပွဲများ၊ စာပေပြိုင်ပွဲများ၊ သက်ကြီးကန်တော့ခံစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲများကိုလည်း မြန်မာနိုင်ငံစာရေးဆရာအသင်းက စဉ်ဆက်မပြတ် ကျင်းပနိုင်ခဲ့ကြသည်။

နတ်တော်လကို ယခင်က "နတ်ပျော်လ"ဟု ခေါ်ဆိုခဲ့ကြသော်လည်း ယခုအခါတွင် "စာဆိုပျော်လ" "စာဆိုတော်လ" "စာဆိုတော်တို့၏ဂုဏ်ရောင်ထွန်းပြောင်စေသောလ"အဖြစ် တစ်ခေတ်ပြောင်းသွားလေပြီဖြစ်ကြောင်း ဂုဏ်ပြုအမှွမ်းတင်လိုက်ရပါသည်။

**ကိုးကား**

- **ဝိသဒ္ဒက (ပဲခူး) ၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဘွဲ့။**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍။**

## အနာဂတ်ရဲ့ တို့လူငယ်

\- ပညာကို ငယ်စဉ်အစ
သင်ယူကြ လူငယ်တွေ၊
အချိန်ကို တန်ဖိုးထားလို့
နိုးကြားစဉ်ပေ၊
ပျင်းရိခြင်း ကင်အောင်နေ
ဘဝအခြေ မြင့်မားရေး၊
ဖွဲလုံ့လကို စိုက်ထူသွားကာ
ကြိုးစားမယ်လေး။

\- အမှားအမှန် ဝေဖန်တွေးလို့
ရိုးသားမနေး တို့လူငယ်၊
စည်းကမ်းကို အခြေခံလျက်
ရှေ့ဆက်စို့ကွယ်၊
အသိသတိ ရင်မှာတွယ်
မင်္ဂလာရယ် ရင်ဝယ်ကိန်း၊
မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို
ရှေးရှုထိန်းသိမ်း။

\- ဒေါသမာန် အစဉ်ထိန်းမှ
ရင်ငြိမ်းလို့ အေးချမ်းနိုင်၊
တွေးကြံရာ ဆောင်သမျှ
အောင်ရပိုင်ဆိုင်၊
လူ့လောက ဘဝမဏ္ဍိုင်
ပြုံးပန်းလှိုင် အစဉ်အမြဲ၊
တန်ဖိုးရှိသူ လူသားအဖြစ်
ထုဆစ်ဆင်နွှဲ။ ။

ရဲသွေးနီ(တက်ဝန်)

# ကျွန်းစုမြို့နယ် ကပကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

ကျွန်းစု ဒီဇင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကပကျေးရွာအုပ်စု ကပကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ဒီဇင်ဘာ ၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်စိုးစိုးသီ၊ ထားဝယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်အောင်၊ မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုး၊ ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းသန္တာနှင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်စိုးစိုးသီက သတ်မှတ်စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကပကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၉၉ သန်းဖြင့် ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇွန်လပထမပတ်က စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **တေဇာလင်း**

# နိုင်ငံတကာ သတင်းများ

## ဒွန်းဘတ်စ်ဒေသကို စစ်အင်အားဖြင့် ရယူမည်ဟု ရုရှားသမ္မတ ပူတင် ပြောကြား



**မော်စကို ဒီဇင်ဘာ ၄**

ယူကရိန်းတပ်များ ဆုတ်ခွာပေးခြင်းမရှိပါက ယူကရိန်းနိုင်ငံ ဒွန်းဘတ်စ်ဒေသ တစ်ခုလုံးကို စစ်အင်အားသုံး၍ အပြည့်အဝ ထိန်းချုပ်မည်ဟု ရုရှားသမ္မတ ပူတင်က ယနေ့တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ မထွက်ခွာမီ အိန္ဒိယသတင်းဌာနတစ်ခုနှင့်ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းစဉ်တွင် ရုရှားသမ္မတက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် ဒွန်းဘတ်စ်ဒေသကြီး စွန့်လွှတ်ပေးရန် ရုရှားအစိုးရက ယူကရိန်းကို တောင်းဆိုထားသော်လည်း ယင်းတောင်းဆိုချက်ကို ယူကရိန်းအစိုးရက ငြင်းပယ်ထားသည်။

သို့ရာတွင် ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းတပ်များ ဆုတ်ခွာခြင်းမရှိပါက စစ်အင်အားသုံး၍ ဒွန်းဘတ်စ်ဒေသကြီးတစ်ခုလုံးကို ရယူထိန်းချုပ်မည် ဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က အိန္ဒိယတုဒေးသတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားတပ်များသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း ဒွန်းဘတ်စ်ဒေသကြီးကိုဖွဲ့စည်းထားသည့် နယ်မြေနှစ်ခုအနက် လူဟန့်နယ်မြေကို အပြည့်အဝထိန်းချုပ်ထားပြီး ဒွန်းနက်ဒေသကို ၈၀ ရာခိုင်နှုန်းကျော် ထိန်းချုပ်ထားသည်။

သို့ရာတွင် ယူကရိန်းတပ်များအနေဖြင့် ဒွန်းဘတ်စ်ဒေသကြီး၌ စတုရန်းမိုင် ၁၉၀၀ ထိ ရှိသော နယ်မြေများကို ထိန်းချုပ်ထားဆဲဖြစ်သည်။

**Ref : RT**

**Trs : KKO**

## အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျူကို ဒေါ်နယ်ဂျေထရမ့် ငြိမ်းချမ်းရေးအင်စတီကျူအဖြစ် အမည်ပြောင်းထား

**ဝါရှင်တန် ဒီဇင်ဘာ ၄**

သမ္မတဒေါ်နယ်ထရမ့်ကို ဂုဏ်ပြုသည့်အနေဖြင့် ဝါရှင်တန်မြို့ရှိ အမေရိကန် ငြိမ်းချမ်းရေးအင်စတီကျူကို ဒေါ်နယ်ဂျေထရမ့် ငြိမ်းချမ်းရေးအင်စတီကျူအဖြစ် အမည်ပြောင်းထားသည်ဟု အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နှစ်မပြည့်မီ ကာလအတွင်း ပဋိပက္ခရှစ်ခုကို အဆုံးသတ်ပေးနိုင်သည့် သမ္မတဒေါ်နယ်ထရမ့်အတွက် အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျူကို ဒေါ်နယ်ဂျေထရမ့် ငြိမ်းချမ်းရေး အင်စတီကျူအဖြစ် အမည် ပြောင်းထားခြင်းဖြစ်ကြောင်း အိမ်ဖြူတော် တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျူသည် ကွန်ဂရက်လွှတ်တော်က တည်ထောင်ထားသည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ရဝမ်ဒါသမ္မတနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့သည် အမေရိကန်အစိုးရ၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ရယူထားသည့် ငြိမ်းချမ်းရေး သဘောတူညီချက်ကို ဒေါ်နယ်ဂျေထရမ့် ငြိမ်းချမ်းရေး အင်စတီကျူ၌ ယနေ့တွင် လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း သိရသည်။

ဒေါ်နယ်ဂျေထရမ့် ငြိမ်းချမ်းရေး အင်စတီကျူအဖြစ် အမည်ပြောင်းလဲမှုနှင့်ပတ်သက်၍ အမေရိကန် ငြိမ်းချမ်းရေး အင်စတီကျူက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

သမ္မတဒေါ်နယ်ထရမ့် အနေဖြင့် တစ်နှစ်မပြည့်မီ ကာလအတွင်း ပဋိပက္ခရှစ်ခုကို အဆုံးသတ်နိုင်သည်ဟူသော အိမ်ဖြူတော်၏ ပြောကြားချက်မှာ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား အငြင်းပွားနေရဆဲ ပြောကြားချက်ဖြစ်ကြောင်း သိရသည်။


**Ref : Xinhua**

**Trs : KKO**

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး

**ပေကျင်း ဒီဇင်ဘာ ၄**

တရုတ်နိုင်ငံသို့ရောက်ရှိနေသည့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် ပေကျင်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါဆွေးနွေးပွဲတွင် ပြင်သစ်သမ္မတနှင့် တရုတ်သမ္မတတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စများနှင့် ယူကရိန်းပြဿနာတို့ကို ဆွေးနွေးခဲ့ကြကြောင်း တရုတ်အစိုးရပိုင် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ပထဝီနိုင်ငံရေး ပြဿနာများ၊ ကုန်သွယ်ရေး ပြဿနာများနှင့် သဘာဝပတ်ဝန်းကျင် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ပြင်သစ်သမ္မတ မက်ခရွန်က တရုတ်သမ္မတ ရှီကျင့်ဖျင်ကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများ မြှင့်တင်ပေးရန်လည်း ပြင်သစ်သမ္မတမက်ခရွန်က တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးစဉ် တိုက်တွန်းပြောကြားခဲ့သည်။

ပြည်သူ့မဟာ ခန်းမဆောင်၌ ကျင်းပခဲ့သော အဆိုပါဆွေးနွေးပွဲအပြီးတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ပြင်သစ်သမ္မတမက်ခရွန်သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၁၂ ခုကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုခရီးစဉ်သည် ပြင်သစ်သမ္မတ မက်ခရွန်အတွက် စတုတ္ထမြောက် တရားဝင် နိုင်ငံတော်အဆင့် တရုတ်နိုင်ငံခရီးစဉ် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ယီမင်အခြေစိုက် ဟူသီသူပုန်များက ၎င်းတို့ထိန်းသိမ်းထားသော အီတာနတီစီသင်္ဘောပေါ်မှ သင်္ဘောသားများကို ပြန်လွှတ်ပေး

**ဒူဘိုင်း ဒီဇင်ဘာ ၄**

ယီမင်နိုင်ငံအခြေစိုက် ဟူသီသူပုန်အုပ်စုသည် ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းထားသည့် သင်္ဘောသားများကို ဒီဇင်ဘာ ၃ ရက်က ပြန်လွှတ်ပေးခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြခဲ့သည်။

ဟူသီသူပုန်များ ပြန်လွှတ်ပေးခဲ့သည့် သင်္ဘောသားများမှာ ယခုနှစ် ဇွန်လအတွင်း ပင်လယ်နီဒေသ၌နစ်မြုပ်ခဲ့သော ဂရိနိုင်ငံပိုင် အီတာနတီစီအမည်ရှိ ကုန်တင်သင်္ဘောမှ သင်္ဘောသားများဖြစ်ကြသည်။

အီတာနတီစီ ကုန်တင်သင်္ဘောသည် ဟူသီသူပုန်အုပ်စု၏ မောင်းသူမဲ့ဒရုန်းယာဉ်များ၊ ဒုံးကျည်များဖြင့် အကြိမ်ကြိမ်တိုက်ခိုက်မှုများကြောင့် ယခုနှစ် ဇူလိုင် ၉ ရက်တွင် ပင်လယ်နီရေပြင်၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။



အီတာနတီစီ ကုန်တင်သင်္ဘောမနစ်မြုပ်မီ ရေယာဉ်ဝန်ထမ်းများအနေဖြင့် သင်္ဘောကို စွန့်ခွာနိုင်ခဲ့သော်လည်း ဟူသီအုပ်စု၏ ဖမ်းဆီးထိန်းသိမ်းမှုကို ခံခဲ့ရသည်။

သို့သော် လက်ရှိအချိန်တွင် အဆိုပါ ရေယာဉ်ဝန်ထမ်းများကို ဟူသီသူပုန်အုပ်စုက ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဒေသတွင်း ရေကြောင်းလုံခြုံရေး သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

အီရန် ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် ဂါဇာကမ်းမြောင်ပဋိပက္ခ စတင်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလထိ ကြားကာလအတွင်း ပင်လယ်နီဒေသ၌ ရေယာဉ် အစီး ၁၀၀ ကျော်ကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ပြုပြင်ဆဲအဆောက်အအုံများမှ ငြမ်းကာပိုက်များဖယ်ရှားရန် ဟောင်ကောင်တာဝန်ရှိသူများ ညွှန်ကြား

**ဟောင်ကောင် ဒီဇင်ဘာ ၄**

ဝန်ဖက်ခ်အမည်ရှိ အဆင့်မြင့်လူနေအိမ်ရာ မီးလောင်မှုကြောင့် အနည်းဆုံး လူ ၁၅၉ ဦး သေဆုံးခဲ့ရပြီးနောက် ပြင်ဆင်မွမ်းမံဆဲ အဆောက်အအုံ အားလုံးကို ငြမ်းကာပိုက်များ ဖယ်ရှားရန် ဟောင်ကောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများက ယနေ့ ညွှန်ကြားထားကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ဟောင်ကောင် အာဏာပိုင်များ၏ ညွှန်ကြားချက်အရ ပြုပြင်မွမ်းမံဆဲအဆောက်အအုံများ အနေဖြင့် ငြမ်းကာပိုက်များကို ဒီဇင်ဘာ ၆ ရက် နောက်ဆုံးထား၍ ဖယ်ရှားပေးရမည်ဖြစ်သည်။

အများပြည်သူများ၏ လုံခြုံရေးကို ကာကွယ်ရန်နှင့် စိတ်ချလက်ချနေထိုင်နိုင်ရေးတို့အတွက် ပြုပြင်ဆဲအဆောက်အအုံများမှ ငြမ်းကာပိုက်များကို ဖယ်ရှားရန် ညွှန်ကြားထားခြင်း ဖြစ်ကြောင်း ဟောင်ကောင် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

ဝန်ဖက်ခ်အထပ်မြင့် လူနေအိမ်ရာမီးလောင်မှုတွင် ငြမ်းကာပိုက်များလည်း အဓိကနေရာတွင် ပါဝင်ခဲ့ကြောင်း သုံးသပ်မှုများ ပေါ်ထွက်လာပြီးနောက် ပြုပြင်ဆဲအဆောက်အအုံများမှ ငြမ်းကာပိုက်များကိုဖြုတ်ချရန် ဟောင်ကောင် အာဏာပိုင်များက ညွှန်ကြားထားခြင်းဖြစ်သည်။

ဝန်ဖက်ခ် အထပ်မြင့်အိမ်ရာ မီးလောင်မှုသည် နိုဝင်ဘာ ၂၆ ရက်တွင် စတင်ခဲ့ပြီး မီးသတ်သမားဦးရေ ၁၀၀၀ ကျော်တို့က ၄၄ နာရီကြာ အချိန်ယူငြိမ်းသတ်ခဲ့ရသည်။

ဝန်ဖက်ခ်အိမ်ရာသည် အထပ် ၃၂ ထပ်ပါ အထပ်မြင့် အဆောက်အအုံရှစ်လုံးဖြင့် ဖွဲ့စည်းထားပြီး ခုနစ်လုံးမှာ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ရှန်ကျိုး-၂၀ အာကာသလူသယ်ယာဉ် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်



**ပေကျင်း ဒီဇင်ဘာ ၄**

အာကာသအမှိုက်ဝင်တိုက်မှုကြောင့် ပျက်စီးခဲ့ရဖွယ်ရှိသော တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ရှန်ကျိုး-၂၀ အာကာသလူသယ်ယာဉ်သည် အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိဘဲ ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက ဒီဇင်ဘာ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်ပြီးချိန်တွင် ရှန်ကျိုး-၂၀ အာကာသလူသယ်ယာဉ်တွင်ရှိနေသော ပျက်စီးမှုအတိုင်းအဆကို ကျွမ်းကျင်သူများကအသေးစိတ်လေ့လာစစ်ဆေးမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီတာဝန်ရှိသူများကပြောကြားသည်။

သို့ရာတွင် ရှန်ကျိုး-၂၀ အာကာသလူသယ်ယာဉ်ပြန်လည်ဆင်းသက်မည့် နေ့အပါအဝင် အသေးစိတ် အချက်အလက်များကို မသိရသေးကြောင်း သိရသည်။

ရှန်ကျိုး-၂၀ အာကာသလူသယ်ယာဉ်သည် နိုဝင်ဘာ ၅ ရက်တွင် ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦးတို့နှင့်အတူ ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်ရန် စီစဉ်ထားသော်လည်း အာကာသယာဉ်ကိုယ်ထည်ကို အာကာသအမှိုက်ဝင်တိုက်ခဲ့ဖွယ်ရှိခြင်းကြောင့် အစီအစဉ်ပျက်ခဲ့ရသည်။

သို့ဖြစ်ရာ ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦးသည် ရှန်ကျိုး-၂၀ အာကာသ လူသယ်ယာဉ်အစား ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများ၏ ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ဖြင့် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့ရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများ၏အပြန်ခရီးအတွက် ရှန်ကျိုး-၂၂ အာကာသလူသယ်ယာဉ်ကို စေလွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၄**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ဒီဇင်ဘာ ၃ ရက်တွင် စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ဂြိုဟ်တု ၂၇ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၆၂ မိနစ်အကြာတွင်မူ ဖယ်လ်ကွန်-၉ ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဒီဇင်ဘာ ၃ ရက် စတားလင့်ခ်မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း ဗင်ဒန်ဘာ့အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သော အကြိမ် ၆၀ မြောက် အာကာသမစ်ရှင်ဖြစ်သည်။

ထို့ပြင် စပေ့အိတ်ကုမ္ပဏီက ဖလော်ရီဒါပြည်နယ်မှတစ်ဆင့် ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ဖယ်လ်ကွန်-၉ မစ်ရှင်အရေအတွက်မှာလည်း ၉၄ ခုထိရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## တောင်ကိုရီးယား၏ KOMPSAT-7 ဂြိုဟ်တုကို ဗီဂါစီဒုံးပျံဖြင့် ဥရောပအာကာသအေဂျင်စီ လွှတ်တင်



**ပဲရစ် ဒီဇင်ဘာ ၄**

ဥရောပအာကာသအေဂျင်စီသည် တောင်ကိုရီးယားနိုင်ငံ၏ KOMPSAT-7 အမည်ရှိ ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုကို ဗီဂါစီဒုံးပျံဖြင့် ဒီဇင်ဘာ ၃ ရက်တွင် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

KOMPSAT-7 ဂြိုဟ်တုကို သယ်ဆောင်ထားသည့် ဗီဂါစီဒုံးပျံကို တောင်အမေရိကတိုက် ပြင်သစ်ဂီယာနာ ကိုရူးအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၄၄ မိနစ်အကြာတွင် ဗီဂါစီဒုံးပျံသည် KOMPSAT-7 ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ၃၅၈ မိုင်အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

KOMPSAT-7 ဂြိုဟ်တုမစ်ရှင်သည် ဗီဂါစီဒုံးပျံများ၏ ဆဋ္ဌမမြောက် မစ်ရှင်ဖြစ်ကြောင်း၊ အလေးချိန် ကီလိုဂရမ် ၁၈၁၀ ရှိသော KOMPSAT-7 ဂြိုဟ်တုကို ကိုရီးယားအာကာသသုတေသနအင်စတီကျူက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

၎င်းဂြိုဟ်တုသည် ၂၀၁၅ ခုနှစ် မတ်လတွင် လွှတ်တင်ခဲ့သည့် KOMPSAT-3A ဂြိုဟ်တုနေရာတွင် အစားထိုး ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## Liraglutide ကိုယ်အလေးချိန် လျှော့ချဆေးက အယ်ဇိုင်းမားရောဂါကို ထိန်းချုပ်ရာတွင် အထောက်အကူပြု

**လန်ဒန် ဒီဇင်ဘာ ၄**

Liraglutide အမည်ရှိ ကိုယ်အလေးချိန်လျှော့ချရေး ဆေးတစ်မျိုးသည် အယ်ဇိုင်းမားရောဂါကိုထိန်းချုပ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း ဒီဇင်ဘာ ၃ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

Liraglutide ဆေးသည် ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်း(ဘီအမ်အိုင်) ၃၀ အထက်ရှိသူများ သုံးစွဲတတ်သည့် ကိုယ်အလေးချိန်လျှော့ချရေး ဆေးတစ်မျိုးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Liraglutide ဆေးသည် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

လေ့လာတွေ့ရှိချက်အရ Liraglutide သည် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းခြင်းကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Liraglutide ဆေးသည် အယ်ဇိုင်းမားရောဂါ လူနာများ၏ ဦးနှောက်ဆဲလ်များ ပျက်စီးဆုံးရှုံးမှုကိုလည်း ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်။

ဗြိတိန်သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၇၁ နှစ်အရွယ်ရှိ အယ်ဇိုင်းမားလူနာ ၁၆၉ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် Liraglutide ဆေး၏အာနိသင်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဆယ်ကျော်သက်မရောက်မီ ဖုန်းသုံးစွဲသူကလေးများ၌ စိတ်ကျရောဂါဝင်နိုင်ခြေနှင့် အဝလွန်နိုင်ခြေတို့ မြင့်တက်လာနိုင်

**နယူးယောက် ဒီဇင်ဘာ ၄**

ဆယ်ကျော်သက်ဘဝမရောက်မီ စမတ်ဖုန်းပုံမှန်သုံးစွဲသည့် ကလေးများ၌ စိတ်ကျရောဂါဝင်နိုင်ခြေနှင့် အဝလွန်နိုင်ခြေတို့ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၁၂ နှစ်မပြည့်မီ စမတ်ဖုန်းပုံမှန်သုံးစွဲသူကလေးများနှင့် ဆယ်ကျော်သက်ဘဝရောက်မှသာ စမတ်ဖုန်းသုံးစွဲသူလူငယ်များကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အသက် ၁၂ နှစ်မပြည့်မီ စမတ်ဖုန်းသုံးစွဲသူကလေးများအနက် ၃၁ ရာခိုင်နှုန်းမှာ စသုံးစွဲသူ သက်တူရွယ်တူများနှင့်နှိုင်းယှဉ်ပါက စိတ်ကျဝေဒနာခံစားရနိုင်ခြေ ပို၍မြင့်မားနေတတ်ကြောင်း သိရသည်။

ထို့ပြင် အသက် ၁၂ နှစ်မပြည့်မီ စမတ်ဖုန်းပုံမှန်သုံးစွဲသူ ကလေးများ၌ ၆၂ ရာခိုင်နှုန်းတို့မှာလည်း အဝလွန်နိုင်ခြေ မြင့်တက်လာနိုင်မှုနှင့် ရှန်းကန်နေရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကလေးနှင့်ဆယ်ကျော်သက် ဦးရေ ၁၀၀၀၀ ကျော်၏ စမတ်ဖုန်းသုံးစွဲမှုပုံစံများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ရီးရဲလ်မက်ဒရစ်အသင်းက ဂူဟီကို ခေါ်ယူရန် အေးဂျင့်ဖြစ်သူနှင့် တရားဝင်ဆွေးနွေးနေ

မက်ဒရစ် ဒီဇင်ဘာ ၄

ရီးရဲလ်မက်ဒရစ် အသင်းက လီဗာပူးအသင်းခေါ်ယူရန် ပစ်မှတ်ထားနေသည့် ပဲလေ့စ်အသင်းမှ ခံစစ်ကစားသမားဂူဟီကို ခေါ်ယူရန် အေးဂျင့်ဖြစ်သူနှင့် တရားဝင်ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဂူဟီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပဲလေ့စ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့၍ ထိပ်တန်းအသင်းကြီးများက ခေါ်ယူလိုနေပြီး လီဗာပူးအသင်းက ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက ဂူဟီကို ခေါ်ယူရန် သဘောတူညီမှုရရှိသည်ထိ နီးစပ်ခဲ့သော်လည်း စာရွက်စာတမ်း ပေးပို့မှုနောက်ကျကာ အပြောင်းအရွှေ့ ကာလပြီးဆုံးခဲ့သည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

ပဲလေ့စ်အသင်းနှင့် ဂူဟီတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဂူဟီကိုယ်တိုင်က ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် လီဗာပူးအသင်းက ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း ယခုအခါ ရီးရဲလ်မက်ဒရစ်အသင်းက လက်ဦးမှုရယူနိုင်ရန် တရားဝင်ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် အစောပိုင်းက လာမည့် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းမှ ကိုနာတေးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ကိုနာတေး၏ ခြေစွမ်းပိုင်း ကျဆင်းနေမှုများကြောင့် ခေါ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းပြီး ဂူဟီကိုခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA



## အားကစားသတင်းအတိုအထွာများ

- ဘီလ်ဘာအိုအသင်းကို အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခံစစ်ကစားသမားအာနိုး ဒဏ်ရာရရှိခဲ့သဖြင့် အနည်းဆုံး နှစ်လခန့် အနားယူရမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက အတည်ပြုထုတ်ပြန်ခဲ့သည်။
- မက်ဆီ၊ စီရော်နယ်ဒို၊ လီဝမ်ဒေါစကီးတို့နောက် တစ်နှစ်အတွင်း နိုင်ငံအသင်းနှင့် ကလပ်အသင်းတို့တွင် သွင်းဂိုး ၆၀ နှင့်အထက်သွင်းယူနိုင်ခဲ့သည့်ကစားသမားအဖြစ် အမ်ဘက်ပီ မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။
- ဂလာတာစာရေးအသင်းနှင့် ဖီနာဘာချီအသင်းတို့ပွဲစဉ်တွင် ရိုင်းပျစွာအောင်ပွဲခံခဲ့သည့် ဖီနာဘာချီတိုက်စစ်မှူး ဒူရန်၏ လုပ်ရပ်အတွက် အရေးယူမှုပြုလုပ်ပေးရန် ဂလာတာစာရေးအသင်းက တူကီယဲနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံ တိုင်ကြားခဲ့ကြောင်း သိရသည်။

ML

## ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်အဆင့်သို့ ဘိုင်ယန်မြူးနစ်အသင်း တက်ရောက်

ဘာလင် ဒီဇင်ဘာ ၄

ဂျာမန်ပိုကယ်ဖလား ရှုံးထွက်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ယူနီယံဘာလင်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။



အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ပွဲစကတည်းက အိမ်ရှင်အသင်းကို ဖိအားပေးကာ ပွဲကစားချိန် ၁၂ မိနစ်တွင် ယူနီယံဘာလင်အသင်းမှ အန်ဆဲဟ်၏ ကိုယ့်ဂိုးကိုယ် သွင်းယူမှုကြောင့် ဦးဆောင်ဂိုးရခဲ့ပြီး ဆက်လက်ဖိအားပေးခဲ့ရာ ပွဲချိန် ၂၄ မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၄၅ မိနစ်တွင် လိုင်တီ၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုတို့ကြောင့် သုံးဂိုးရရှိခဲ့သော်လည်း ယူနီယံဘာလင်အသင်း တန်ပြန်တိုက်စစ်ကြောင့် ပွဲချိန် မိနစ် ၄၀ နှင့် ၅၅ မိနစ်တို့တွင် ချေပဂိုးများ ခွင့်ပြုခဲ့ရပြီး ပွဲပြီးဆုံးချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပိုကယ်ဖလားပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာခဲ့ရပြီး ၂၀၂၀ ပြည့်နှစ်နောက် နှစ်ကြိမ်သာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့သော်လည်း ပြိုင်ပွဲသမိုင်းတွင် ဆုဖလား အကြိမ် ၂၀ ထိ ဆွတ်ခူးထားပြီး အောင်မြင်မှု အများဆုံးရခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲတွင် ရမှတ် ၃၄ မှတ်ထိ ရရှိခဲ့ကာ အဆင့်(၂)မှ လိုက်ပ်ဇစ်အသင်းကို ရမှတ် ရှစ်မှတ်ထိ ဖြတ်တောက်ထားပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ငါးပွဲကစားအပြီး ရမှတ် ၁၂ မှတ်ဖြင့် အဆင့်(၃)တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## 2025 Globe Soccer တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆု နောက်ဆုံးဆန်ခါတင်ကစားသမားများစာရင်း ထုတ်ပြန်ကြေညာ

ဒူဘိုင်း ဒီဇင်ဘာ ၄

2025 Globe Soccer ဆုပေးပွဲ အခမ်းအနားတွင် ပေးအပ်မည့် အဓိကဆုတစ်ခုဖြစ်သည့် 2025 Globe Soccer တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆု အတွက် နောက်ဆုံးဆန်ခါတင် ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

2025 Globe Soccer တစ်နှစ်တာအကောင်းဆုံး အမျိုးသား ကစားသမားဆုအတွက် နောက်ဆုံး ဆန်ခါတင် ကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာ ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလားဆွတ်ခူးခဲ့သည့် ပီအက်စ်ဂျီအသင်းက ကစားသမား ခြောက်ဦးထိ အများဆုံး ပါဝင်ခဲ့သည်။

၂၀၂၄ ခုနှစ်က တစ်နှစ်တာ အကောင်းဆုံး အမျိုးသား ကစားသမားဆုကိုဆွတ်ခူးခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗီနီစီးယက်စ်လည်း နောက်ဆုံး ဆန်ခါတင်စာရင်းတွင် ပြန်လည်ပါဝင်ခဲ့သည်။

2025 Globe Soccer ဆုပေးပွဲ အခမ်းအနားကို ၂၀၁၀ ပြည့်နှစ်က စတင်ကျင်းပခဲ့သော်လည်း ပထမဆုံးကျင်းပသည့်နှစ်တွင် ကစားသမားများအတွက် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုများ မပါဝင်ဘဲ သုံးဆုသာ ပေးအပ်ခဲ့ကာ ၎င်းဆုကို ၂၀၁၁ ခုနှစ်မှသာ စတင်ပေးအပ်ခဲ့ပြီး စီရော်နယ်ဒိုက ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

2025 Globe Soccer တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု အတွက် နောက်ဆုံး ဆန်ခါတင် ကစားသမားစာရင်းတွင် ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီ၊ ဒူယီ၊ ဟာကီမီ၊ ခါဗီချာ၊ မန်ဒက်၊ ဗီတင်ဟာ၊ ဘာစီလိုနာအသင်းမှ လီဝမ်ဒေါစကီး၊ ပက်ဒရီ၊ ရာဖင်ဟာ၊ လမိုင်းယာမယ်၊ မန်စီးတီးအသင်းမှ ဟာလန်း၊ ရီးရဲလ်မက်ဒရစ် အသင်းမှ အမ်ဘက်ပီ၊ ဗီနီစီးယက်စ်၊ လီဗာပူးအသင်းမှ ဆာလာဟ်၊ ချဲလ်ဆီးအသင်းမှ ကိုးလ်ပယ်မာတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ချန်ပီယံခါးပတ်ကို ပြန်လည်သိမ်းယူသော်လည်း သမိုင်းမှတ်တမ်းကို ဖျောက်ဖျက်၍မရကြောင်း ခရောဖို့ဒ် တုံ့ပြန်ပြောကြား

နယူးယောက် ဒီဇင်ဘာ ၄

WBC အဖွဲ့ချုပ်သည် အခွန်ကိစ္စနှင့်ပတ်သက်ပြီး စည်းမျဉ်းအား လိုက်နာခြင်းမရှိသည့် စူပါမစ်ဒယ်ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဖြစ်သူ အမေရိကန် လက်ဝှေ့သမား ခရောဖို့ဒ်ကို WBC ကမ္ဘာ့ချန်ပီယံအဖြစ်မှ ရုပ်သိမ်းကြောင်း ထုတ်ပြန်ကြေညာပြီးနောက် ခရောဖို့ဒ်က WBC အဖွဲ့ချုပ်ကို ပြန်လည်တုံ့ပြန်မှုများ ပြုလုပ်သွားခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ခရောဖို့ဒ်သည် အခွန်အနေဖြင့် အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ပေးဆောင်ရမည် ဖြစ်သော်လည်း ပေးဆောင်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် WBC ကမ္ဘာ့ချန်ပီယံအဖြစ်မှ ပြန်လည်ရုပ်သိမ်းခံရခြင်းဖြစ်သည်။

ခရောဖို့ဒ်က WBC ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်ရုပ်သိမ်းခံရမည်ဖြစ်ပြီး ခါးပတ်မရှိတော့သော်လည်း သမိုင်းမှတ်တမ်းအရ ၎င်းကသာ စူပါမစ်ဒယ်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရှိနေဆဲဖြစ်ကြောင်း တုံ့ပြန်ပြောကြားသွားခဲ့သည်။

ခရောဖို့ဒ်က "WBC အဖွဲ့ချုပ်က ကျွန်တော့်ကို တခြားသူတွေ ပေးဆောင်ရတဲ့ အခွန်ပမာဏထက် ပိုပြီးတော့ တောင်းခံခဲ့တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်ကို တခြားသူတွေထက် ပိုကောင်းတဲ့သူလို့ သတ်မှတ်ထားတာမျိုးဖြစ်ပါလိမ့်မယ်။ ကျွန်တော့်ကတော့ ခါးပတ်ပြန်အပ်ရလဲ ပြဿနာမရှိပါဘူး။ အခုလို ချန်ပီယံတစ်ယောက်ဖြစ်လာဖို့ ကျွန်တော်ဘယ်လောက်ထိ ကြိုးစားခဲ့ရသလဲဆိုတာ သူတို့မသိလောက်ဘူး။ ချန်ပီယံအဖြစ် ရပ်တည်နေတာ ကြာနေပြီဖြစ်တဲ့ ကာနယ်လိုကို ကျွန်တော်အနိုင်ထိုးသတ်လိုက်လို့ မကျေမနပ်ဖြစ်နေကြတာဖြစ်ပါလိမ့်မယ်။ ခါးပတ်ပြန်အပ်လိုက်ရလဲ ကျွန်တော်ဟာ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဖြစ်နေဆဲဆိုတာ အားလုံးကလက်ခံထားပါလိမ့်မယ်။ ကျွန်တော့်ရဲ့ သမိုင်းမှတ်တမ်းကို ဘယ်သူကမှ ဖျောက်ဖျက်ပစ်လို့ မရပါဘူး"ဟု တုံ့ပြန် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲများ ကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးဘောလုံး ပြိုင်ပွဲများအတွက် သတင်းစာ ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်း တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အမျိုးသားဘောလုံး ပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ချင်းမိုင် အားကစားကွင်းတွင် ကျင်းပခဲ့ရာ မြန်မာယူ-၂၂ အသင်း နည်းပြ ကူရိုဆာကီနှင့်အတူ အုပ်စုတွင်း ပြိုင်ဘက်အသင်းများ ဖြစ်သည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်း တို့မှ နည်းပြများတက်ရောက် ကြသည်။

မြန်မာယူ-၂၂ အသင်းနည်းပြ ကူရိုဆာကီက "ပြိုင်ဘက်အသင်း တွေကို ကျွန်တော်တို့ လေးစားမှုနဲ့ ယှဉ်ပြိုင်မှာပါ။ ဖိလစ်ပိုင်နဲ့ အင်ဒို နီးရှားအသင်းတွေက တောင့်တင်း ပြီး တကယ်ကောင်းတဲ့အသင်းတွေ ဆိုတာ သူတို့နဲ့ တွေ့ဆုံခဲ့တဲ့ပွဲတွေ မှာ မြင်ခဲ့ပြီးပါပြီ။ ပြီးခဲ့တဲ့ အာဆီယံ ချန်ပီယံရှစ် ဆီမီးဖိုင်နယ်တက်တဲ့ နှစ်သင်းစလုံးကို ကြိုးစားပြီး ရင်ဆိုင်ပွဲမယ်။ ကျွန်တော်တို့ကို ကြည့်ရှုအားပေးနေတဲ့ ပရိသတ် တွေအတွက် တစ်သင်းလုံးကြိုးစား နေပါတယ်။ ရလဒ်ကောင်းနဲ့ ပရိသတ်တွေကို ပျော်စေချင်ပါ တယ်"ဟု ပြောကြားခဲ့သည်။

အလားတူ အမျိုးသမီးဘောလုံး ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်း ပွဲကို ယနေ့ မွန်းလွဲပိုင်းက ချွန်ဘူရီ မြို့ Chonburi Stdium Second Floor တွင် ကျင်းပခဲ့ရာ မြန်မာ အမျိုးသမီးအသင်း နည်းပြ ယူကီတက်ဆူရှိနှင့်အတူ အုပ်စု တွင်းပြိုင်ဘက် အသင်းနည်းပြများ တက်ရောက်ခဲ့ကြသည်။

မြန်မာ အမျိုးသမီးအသင်း နည်းပြယူကီတက်ဆူရှိက "ဒီပြိုင်ပွဲ မတိုင်မီ ဂျပန်နိုင်ငံ အိုဆာကာမြို့ ကိုသွားရောက်လေ့ကျင့်ပြီး ခြေစမ်း ပွဲတွေ ကစားခဲ့ပါတယ်။ လက်ရွေး စင်အသင်းမှာရှိတဲ့ ကစားသမား အချို့ဟာ ISPE အသင်းနဲ့အတူ အာရှအမျိုးသမီး ချန်ပီယံလိဂ် ပြိုင်ပွဲ ဝင်ရောက်ကစားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ တစ်ပွဲချင်း ပြင်ဆင်ကစားသွားမှာ ဖြစ်ပြီး ကမ္ဘောဒီးယား ဆီးဂိမ်းထက် ပိုကောင်းတဲ့ရလဒ် ရရှိအောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# ဘာစီလိုနာအသင်းက ခံစစ်ကစားသမား ဂါဗီယာကို သက်တမ်းတိုးစာချုပ်ချုပ်ဆို

**ဘာစီလိုနာ ဒီဇင်ဘာ ၄**

ဘာစီလိုနာအသင်း ခံစစ် ကစားသမား ဂါဗီယာသည် အသင်းနှင့် ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရခဲ့ပြီး လာမည့် ရက်သတ္တပတ်အတွင်း အပြီးသတ် စာချုပ် ချုပ်ဆိုသွားမည်ဖြစ် ကြောင်း Barca Blaugrenes သတင်းဝက်ဘ်ဆိုက်က ယနေ့ တွင် ဖော်ပြထားသည်။

အစောပိုင်းက ဘာစီလိုနာ အသင်းအနေဖြင့် ဂါဗီယာကို ရောင်းချရန် အရောင်းစာရင်း တင်သွင်းခဲ့သော်လည်း နည်းပြ ဖလစ် ရောက်ရှိချိန်တွင် ကစား သမားအနေဖြင့် နည်းစနစ်ပိုင်း လိုအပ်ချက်အရ ဗဟိုခံစစ်၊တောင်ပံ ခံစစ်ပိုင်း၊ ကွင်းလယ်ပိုင်းတို့တွင် ခြေစွမ်းပြ ကစားနိုင်သောကြောင့် အသင်းတာဝန်ရှိသူများက ကစား သမားကို ဆက်လက်ထိန်းသိမ်းရန် ကာလရှည် သက်တမ်းတိုးခဲ့ခြင်း ဖြစ်သည်။

ဂါဗီယာသည် ပြီးခဲ့သည့် ကလပ်ဘရုဂျက်အသင်းနှင့် ကစား ခဲ့သည့်ပွဲစဉ်တွင် နှာခေါင်းရိုးကျိုး ဒဏ်ရာရရှိခဲ့သော်လည်း မျက်နှာ ဖုံးစွပ်၍ အသင်းအတွက် ပါဝင် ကစားပေးခဲ့သည်။

၎င်းသည် ၂၀၁၈ ခုနှစ်က မန်စီးတီးအသင်းနှင့် ကစားသမား ဘဝစတင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ ခဲ့ရာ ပြိုင်ပွဲစုံ ၁၃၅ ပွဲတွင် သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူထားပြီး ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ် ထားကြောင်း သိရသည်။

Ref : Barca Blaugrenes

Trs : ML

# ဒီဇင်ဘာလအတွက် အာရှအမျိုးသမီးကလပ် အဆင့်သတ်မှတ်ချက်တွင် မြန်မာနိုင်ငံက တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၁၄)နေရာတွင် ရပ်တည်

**ရန်ကုန် ဒီဇင်ဘာ ၄**

အာရှဘောလုံးအဖွဲ့ချုပ်က ဒီဇင်ဘာလအတွက် အာရှအမျိုးသမီး ကလပ် အဆင့်သတ်မှတ်ချက်များ ကို ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံက တစ်ဆင့်မြင့်တက်ခဲ့ပြီး အာရှ အဆင့်(၁၄)နေရာတွင် ရပ်တည် ခဲ့ကြောင်း သိရသည်။



အာရှဘောလုံးအဖွဲ့ချုပ်က နိုင်ငံ အလိုက် အမျိုးသမီးကလပ်အဆင့် သတ်မှတ်ချက်ကို လက်ရွေးစင် အဆင့်နှင့် ကလပ်အဆင့် နှစ်ခု ပေါင်းပြီးသတ်မှတ်ခဲ့ကာ ဒီဇင်ဘာ လအတွက် ကလပ်အဆင့်သတ်မှတ် ချက်တွင် မြန်မာနိုင်ငံက စုစုပေါင်း ရမှတ် ၃၀ ဒသမ ၂၈ မှတ်ဖြင့် အဆင့် (၁၄)နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်အတွင်း မြန်မာ့လက်ရွေး စင် အမျိုးသမီးအသင်းအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက် ခဲ့ပြီး ကလပ်အဆင့်အဖြစ် ISPE အသင်းသည်လည်း အမျိုးသမီး အာရှချန်ပီယံလိဂ် ပြိုင်ပွဲတွင် ဝင်ရောက်ကစားခွင့် ရပြီးနောက် အဆင့်မြင့်တက် လာခဲ့ခြင်း ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ ဒီဇင် ဘာလအတွက် အာရှအမျိုးသမီး ကလပ်အဆင့်သတ်မှတ်ချက်တွင် ဩစတြေးလျနိုင်ငံက အပြောင်း အလဲမရှိခဲ့ဘဲ အဆင့်(၁)၊ ဂျပန်နိုင်ငံ က တစ်ဆင့်မြင့်တက်ကာ အဆင့် (၂)၊ တရုတ်နိုင်ငံက တစ်ဆင့် မြင့်တက်ကာ အဆင့်(၃)၊ တောင် ကိုရီးယားနိုင်ငံက တစ်ဆင့်ကျဆင်း ကာ အဆင့်(၄)၊ ဗီယက်နမ်နိုင်ငံက အဆင့် အပြောင်းအလဲမရှိဘဲ အဆင့်(၅)၊ အီရန်နိုင်ငံက တစ်ဆင့် မြင့်တက်ပြီး အဆင့်(၆)၊ မြောက် ကိုရီးယားနိုင်ငံက တစ်ဆင့် မြင့်တက်ကာ အဆင့်(၇)၊ အိန္ဒိယ နိုင်ငံက တစ်ဆင့်မြင့်တက်ကာ အဆင့်(၈)၊ ဖိလစ်ပိုင်နိုင်ငံက အဆင့် အပြောင်းအလဲမရှိဘဲ အဆင့်(၉)၊ တရုတ်(တိုင်ပေ)က နှစ်ဆင့်ကျဆင်းပြီး အဆင့်(၁၀) နေရာတို့တွင် အသီးသီး ရပ်တည် နေပြီး ထိပ်ဆုံး ၁၀ သင်းအဖြစ် ရပ်တည်နေခြင်း ဖြစ်ကြောင်း သိရသည်။

STA

# Vita Max Futsal League I,II ပြိုင်ပွဲ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

Vita Max Futsal League I,II (2025–26) ပြိုင်ပွဲ အကြိုညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်း က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ဖူဆယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးနိုင်သောင်းထိုက်နှင့် ဦးဖြိုး မောင်မောင်၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကလပ်အသင်း များမှ တာဝန်ရှိသူများတက်ရောက် ခဲ့ကြသည်။

အစည်းအဝေးတွင် ဖူဆယ်လိဂ် ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်း က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော တာဝန်ရှိသူ များက ပြိုင်ပွဲကျင်းပရေးဆိုင်ရာ များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ ကြသည်။

Vita Max Futsal League I (2025–26) ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင်လည်းကောင်း၊ Vita Max Futsal League II (2025–26) ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ တွင်လည်းကောင်း အသင်း ၁၂ သင်းစီဖြင့် စတင်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

STA

# Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီး စမိုင်းလီ၊ အော့တစ်ဇ်၊ ရိုင်ယန်ဖောက်တို့ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်

**မဲလ်ဘုန်း ဒီဇင်ဘာ ၄**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်း မြို့တွင် ကျင်းပနေသည့် Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီး ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား စမိုင်း လီ၊ မက္ကဆီကိုဂေါက်သီးရိုက်ကစား သမား အော့တစ်ဇ်၊ နယူးဇီလန် ဂေါက်သီးရိုက် ကစားသမား ရိုင်ယန်ဖောက်တို့က သတ်မှတ် ရိုက်ချက်ထက် ခြောက်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား ကို ပူးတွဲဦးဆောင်နေကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်သာ ရှိသေးသည့် စမိုင်းလီသည် ပထမနေ့တွင် စွမ်းဆောင်ရည်ကောင်းများ ပြသ ခဲ့ပြီး ဝါရင့်ကမ္ဘာ့အဆင့် ကစား သမားများကို ကျော်ဖြတ်ကာ အမှတ်ပေးဇယားကို ပူးတွဲ ဦးဆောင်ခွင့်ရထားခြင်းဖြစ်သည်။

အမှတ်ပေးဇယားကို ပူးတွဲ ဦးဆောင်ခွင့်ရထားသည့် စမိုင်းလီ က "လေတိုက်နှုန်းမြင့်မားတဲ့ အတွက်ကြောင့် ကစားရတာခက်ခဲ ခဲ့ပါတယ်။ ဒါကြောင့် စိတ်ရှည် လက်ရှည်နဲ့ သေချာအာရုံစိုက်ပြီး ကစားခဲ့ရတယ်။ ကျွန်တော့်အနေနဲ့ အတွေ့အကြုံတွေသင်ယူဖို့ လိုအပ် နေပါသေးတယ်။ ဒါပေမဲ့လဲ ပထမ နေ့အပြီးမှာ သိလိုက်ရတာ ဂေါက်သီးရိုက် အားကစားနဲ့ ပတ်သက်ပြီး ကျွန်တော့်ခန္ဓာကိုယ် ထဲမှာ စွမ်းဆောင်ရည်ကောင်း တချို့ရှိနေတယ်ဆိုတာ သိလိုက် ရတယ်"ဟု ပြောကြားခဲ့သည်။

British Open ချန်ပီယံဟောင်း စမစ်နှင့် Masters Champion ဟောင်း ဒန်နီဝီလက်တို့ကလည်း ပထမနေ့တွင် ရလဒ်ကောင်းများ စွမ်းဆောင်ထားနိုင်ပြီး သတ်မှတ် ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက် ထားနိုင်သည်။

စမစ်က "ပထမနေ့မှာ ကစားရ တာတော်တော်လေးကို အဆင်ပြေ ပါတယ်။ အထူးသဖြင့် မက်အီရှိုင်း၊ လီမင်ဝူတို့နဲ့အတူ ယှဉ်ပြိုင်ကစား ခွင့်ရတာ ပျော်စရာကောင်းပါတယ်။ နောက်နေ့တွေမှာလဲ ရလဒ်ကောင်း ရဖို့ အကောင်းဆုံး ကြိုးစားသွား မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : AZL



ခရီးသွားဆောင်းပါး

# ကျိုက္ကလော့နှင့် အင်းလျားကန်ရောက်ခဲ့ပြီးအပြန်

သက်နိုင်(ပြင်ဦးလွင်)

ဘုရားဖူးမြော်ရင်း၊ အပန်းဖြေ အလည်အပတ် ခရီးစဉ်မှာ ရန်ကုန်မြို့အဝင် တိုးဂိတ်ဇီးရိုးမိုင်ကို ကျော်ဖြတ်လာခဲ့ကြပါပြီ။ အချိန်က မနက် ၉ နာရီ ကျော်သာရှိနေပါသေးတယ်။ ကြိုတင်ဆက်သွယ်ထားတဲ့ ဟိုတယ်ရဲ့အကြောင်းပြန်ကြားချက်အရ မွန်းတည့် ၁၂ နာရီကျော်မှ ဟိုတယ်ကို ဝင်ရောက်အခန်းယူကြရမှာကြောင့် အချိန်ဖြုန်းရင်း၊ ငယ်ရွယ်စဉ်ကလေးဘဝကနေထိုင်ခဲ့ရတဲ့ မှော်ဘီမြို့ကို သွားရောက်ကြည့်ရှု လည်ပတ်ရင်းထွက်လာခဲ့ကြတယ်။ တိုးဂိတ်ကိုကျော်ပြီးတာနဲ့ ထောက်ကြန့်နဲ့ မင်္ဂလာဒုံမြို့ရှိရာကို ဆက်လက်မောင်းနှင်လာခဲ့တာပါ။ မကြာခင်မှာ ထောက်ကြန့်လမ်းဆုံကို ရောက်လာခဲ့ကြတယ်။

ထောက်ကြန့်လမ်းဆုံက မိမိတို့ငယ်စဉ်ကနဲ့ လုံးဝမတူတော့ဘဲ အထပ်မြင့်တိုက်တာ အဆောက်အအုံတွေနဲ့ စည်စည်ကားကားဖွံ့ဖြိုးတိုးတက်နေပါပြီ။ ငယ်ငယ်တုန်းက ထောက်ကြန့်လမ်းဆုံမှာ ရန်ကုန်-မှော်ဘီ ပြေးဆွဲနေတဲ့ ဘက်စ်ကားကြီးတွေကိုစောင့်ရင်းလမ်းဘေးမှာ ရောင်းနေတဲ့ ဘိန်းမုန့်၊ မုန့်ပျားသလက်၊ အကြော် စတာတွေဝယ်စားခဲ့ရတာကို မှတ်မိနေပါသေးတယ်။ အခုပြန်လည်ရောက်ရှိလာတဲ့အခါ အဲဒီဆိုင်နေရာလေးတွေ မမှတ်မိတော့တဲ့ အပြင်ဘယ်နေရာ၊ ဘယ်နားမှာဖြစ်နိုင်တယ်ဆိုတာကိုတောင် မခန့်မှန်းနိုင်တော့ပါဘူး။

ထောက်ကြန့်လမ်းဆုံကနေ နောက်ထပ်မိနစ်ပိုင်းအတွင်း မောင်းလာရာ မှော်ဘီမြို့နယ်အတွင်းကို ဝင်ရောက်လာတယ်။ အရင်က ရန်ကုန်-မှော်ဘီလမ်းပိုင်းမှာ လူနေအိမ်တွေ တစ်ဆက်တစ်စပ်တည်းမရှိပေမဲ့ အခုအချိန်မှာ ရန်ကုန်မြို့နဲ့တစ်ဆက်တည်းလိုဖြစ်နေပါပြီ။ ငယ်ငယ်တုန်းက ကြောက်လန့်ခဲ့ရတဲ့ ရော်ဘာတောကြီးတွေကို ကားမောင်းနေရင်း သေသေချာချာ ကြည့်ရှုရှာဖွေနေရတယ်။ ငယ်ငယ်တုန်းက မျက်စိဖွင့်မကြည့်ရဲရလောက်အောင် ကြောက်ခဲ့ရတဲ့နေရာတွေကို အခုအခါ မျက်စိရှင်ရှင်နဲ့ရှာဖွေနေရပါပြီ။ မှော်ဘီမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့ကို ရောက်တော့ ကားကိုအရှိန်လျှော့ပြီး မောင်းနေရတယ်။ ဒီကျောင်းက အခုခရီးမှာပါလာခဲ့တဲ့ အစ်မဖြစ်သူ တက်ရောက်ပညာသင်ကြားခဲ့ရတဲ့ကျောင်းဖြစ်နေလို့ ကျောင်းကြီးကို သေသေချာချာကြည့်ခွင့်ရအောင် တဖြည်းဖြည်းမောင်းနေရတာပါ။

ကျောင်းကိုကျော်လွန်လာခဲ့ပြီး မကြာခင်မှာ ဆပ်သွားတောဆိုတဲ့ရွာကို ရောက်လာကြတယ်။ ဆပ်သွားတောရွာက မိမိတို့မှော်ဘီမြို့မှာနေထိုင်ခဲ့စဉ်အခါက တဲအိမ်သာသာလေးတွေနဲ့ သာမန်ကျေးရွာလေးအဆင့်သာရှိနေပါသေးတယ်။ အခုအချိန်မှာ အဆင့်မြင့်တိုက်တာ အဆောက်အအုံတွေနဲ့ ဖွံ့ဖြိုးတိုးတက်နေပါပြီ။ ငယ်စဉ်တုန်းက မကြာခဏ လာရောက်ခဲ့ရတဲ့အတန်းပိုင်ဆရာမရဲ့ အိမ်နေရာကို မမှတ်မိတော့ပါဘူး။ ဆပ်သွားတောကိုကျော်လာခဲ့ပြီး ငေးမောကြည့်ရှုရင်းနဲ့ မိမိတက်ရောက်ပညာသင်ကြားခဲ့ရတဲ့ မူလတန်းကျောင်းနေရာလေးကို ရောက်လာခဲ့တယ်။ ဒေသအခေါ် လေတပ်ကွေ့နေရာလေးပါ။ ဒီနေရာကိုရောက်တော့ ကားကိုလမ်းဘေးမှာချရပ်ပြီး ကျောင်းလေးကို အလွမ်းပြေကြည့်ရှုနေမိတယ်။ ကျောင်းကကျောင်းမဟုတ်တော့ဘဲ သင်တန်းဆောင်ကြီးတစ်ခုဖြစ်နေပါပြီ။ ပုဏ္ဏာရိက်ခြံစည်းရိုးပင်တွေနေရာမှာ အုတ်တံတိုင်းမြင့်မြင့်တွေဖြစ်နေသလို မူလအကာအရံသစ်သားတွေကို အုတ်တွေနဲ့ ပြောင်းလဲကာရံထားတာကို တွေ့မြင်နေရတယ်။ အဆောင်လေးတွေရဲ့တည်နေရာကတော့ မပြောင်းလဲဘဲ တည်ရှိနေပါသေးတယ်။ အတွင်းထဲအထိ ဝင်ရောက်လေ့လာကြည့်ရှုချင်ပေမဲ့ အခွင့်မသာတာကြောင့် ကားရပ်ထားတဲ့နေရာကပဲ ကြည့်ပြီး ပြန်လှည့် မောင်းနှင်လာခဲ့တယ်။

ကျောင်းကအပြန်မှာ မိမိတို့နေထိုင်ခဲ့ရတဲ့အိမ်လေးတွေရှိရာကို မှန်းမျှော်ကြည့်ရှုခဲ့ကြပေမဲ့ အုတ်တံတိုင်းမြင့်မြင့်ကြီးတွေကြောင့် မမြင်မတွေ့ရတော့ပါဘူး။ ဒီနေရာလေးက အိမ်ကိုသွားတဲ့လမ်းနေရာဖြစ်နိုင်တယ်။ ဒီနေရာလေးက ဆော့ကစားခဲ့ကြတဲ့ နေရာလေးတွေဖြစ်နိုင်တယ်လို့သာ ခန့်မှန်းကြရတော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငယ်စဉ်တုန်းက နေထိုင်သွားလာခဲ့ရတဲ့နေရာလေးတွေကိုရောက်ရှိ အလွမ်းဖြေခဲ့ရပါတယ်။ ဒါပေမဲ့ အရာရာက အရင်လို မဟုတ်ကြတော့ဘဲ အပြောင်းလဲကြီးပြောင်းလဲသွားခဲ့ကြပါပြီ။




အိမ်နေရာလေးတွေကို ခန့်မှန်းကြည့်ရှုကျော်လွန်လာပြီးတာနဲ့ နောက်ထပ်ဘာကိုမှမကြည့်တော့ဘဲ ကားကိုရှေ့ဆက်ဂရုစိုက်မောင်းနှင်လာခဲ့တယ်။ ရန်ကုန်-မှော်ဘီလမ်းကလဲ အရင်လိုမဟုတ်တော့ဘဲ အလွန်စည်ကားရှုပ်ထွေးနေပါပြီ။ အပြန်ခရီးမှာ မင်္ဂလာဒုံမြို့နယ်က ကျိုက္ကလော့စေတီကို ဖူးမြော်ကြမယ်ဆိုတဲ့ ခရီးအစီအစဉ်အတိုင်း ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ထောက်ကြန့်လမ်းဆုံကို ရောက်တော့ အလာခရီးတုန်းက မောင်းနှင်ခဲ့တဲ့ ဘယ်ဘက်လမ်းကိုမချိုးကွေ့တော့ဘဲ မင်္ဂလာဒုံမြို့နယ်နဲ့ ရန်ကုန်ကိုသွားတဲ့ ညာဘက်လမ်းကနေ မောင်းလာခဲ့လိုက်တယ်။ ဒီလိုမောင်းလာရင်းနဲ့ မကြာခင်မှာ ပုလဲမြို့သစ်သို့ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်နဲ့ ဆိုင်းဘုတ်နဲ့လမ်းခွဲတစ်ခုကို ရုတ်တရက် တွေ့မြင်လိုက်ရတယ်။ မိမိရဲ့ကျောင်းနေဖက်ငယ်သူငယ်ချင်းတစ်ယောက်က ပုလဲမြို့သစ်မှာ နေထိုင်နေတာကို သတိရမိသွားပြီး ကျိုက္ကလော့စေတီကို ရောက်တာနဲ့ ဖုန်းဆက်အကြောင်းကြားတွေ့ဆုံကြဖို့ စဉ်းစားထားလိုက်တယ်။ ဘုရားကိုရောက်တာနဲ့ သူငယ်ချင်းဆီကို ဖုန်းဆက်အကြောင်းကြားပြီး ဘုရားဖူးရင်း စောင့်မျှော်နေလိုက်တယ်။

စာရေးသူတို့သွားတဲ့အချိန်က သီတင်းကျွတ်လပြည့်နေ့ဖြစ်နေတာကြောင့် ကျိုက္ကလော့စေတီမှာ ဘုရားဖူးဧည့်သည်တွေနဲ့ စည်ကားနေတယ်။ ကျိုက္ကလော့စေတီက မင်္ဂလာဒုံမြို့နယ်နဲ့ အနီးပတ်ဝန်းကျင်မှာ ထင်ရှားကျော်ကြားနေလို့လဲ အခြားဘုရားတွေထက် ပိုမိုစည်ကားနေတာကို တွေ့မြင်နေရတယ်။ ဒါပေမဲ့ မင်္ဂလာဒုံမြို့နယ်သမိုင်းကို ရှာဖွေလေ့လာကြည့်တဲ့အခါ ကျိုက္ကလို့စေတီနဲ့ ကျိုက္ကလဲ့စေတီတွေကိုသာ တွေ့မြင်ရပြီး ကျိုက္ကလော့စေတီက ပျောက်နေပါ တယ်။ မြို့သမိုင်းတွေအရ ကျိုက္ကလို့စေတီက မွန်ဘာသာအမည် ကျိုက်ကလို့ကနေ ဆင်းသက်လာခဲ့ပြီး ကျိုက်ဆိုတာက စေတီ၊ ဘုရား၊ကလို့ဆိုတာက ကန်တော့ခြင်းဖြစ်တာကြောင့် ကန်တော့စေတီဆိုပြီး အဓိပ္ပာယ်ရနေတယ်။ ရှေးခေတ်အခါက မွန်တိုင်းရင်းသားတွေရဲ့ဒဏ္ဍာရီအရ နတ်ဘီလူးတွေက မြတ်စွာဘုရားဘုရားရှင်ကို ရှာဖွေကြတဲ့အခါ တွေ့မြင်ခြင်းမရှိကြလို့ အရှုံးပေးကြတဲ့နေရာမှာ တည်ထားခဲ့တဲ့စေတီလို့ဆိုပါတယ်။ ကျိုက္ကလဲ့ဆိုတာကလဲ မွန်ဘာသာ ကျိုကလဲ့ကနေ ဆင်းသက်လာခဲ့ပြီး ကျိုက်ဆိုတာက စေတီ၊ ဘုရား၊ ကလဲ့ဆိုတာက ပျောက်ကွယ်သည်ဆိုပြီး အဓိပ္ပာယ်ရနေတယ်။ ရှေးခေတ်မွန်တိုင်းရင်းသားတွေရဲ့ ဒဏ္ဍာရီအရ နတ်ဘီလူးတွေက ဘုရားရှင်ကို ရှာမတွေ့ကြဘဲ မြတ်စွာဘုရားရှင် ပျောက်ကွယ်နေတဲ့နေရာက စေတီ တည်ထားခြင်းဖြစ်တယ်လို့ဆိုတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အခုရောက်ရှိနေတဲ့ ကျိုက္ကလော့စေတီကိုဖူးမြော်ပြီးခဲ့ကြပါပြီ။ ဒါ့ပြင် ဖုန်းဆက်ချိန်းဆိုထားတဲ့သူငယ်ချင်းက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ပြီ။ တွေ့ဆုံနှုတ်ဆက်စကားပြောဆိုခွင့်ရခဲ့ကြတယ်။ ငယ်သူငယ်ချင်းနဲ့ နှုတ်ဆက်စကားပြောခဲ့ပြီးမှ ရှေ့ခရီးကိုဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ခရီးတွေ ထွက်ခွာသွားလာကြတဲ့အခါ မထင်မှတ်ဘဲ ဒီလိုမိတ်ဆွေသူငယ်ချင်း၊ သိဟောင်းကျွမ်းဟောင်းတွေကို တွေ့ရှိရတတ်ပါတယ်။ ခရီးထွက်ခွာသွားလာခြင်းရဲ့ ကောင်းကျိုးတွေထဲက အကျိုးအမြတ်တစ်ခုဖြစ်ပါတယ်။

ကျိုက္ကလော့စေတီကနေ ထွက်ခွာလာခဲ့ပြီး ကားကို ပြည်လမ်းအတိုင်း မောင်းနှင်လာခဲ့တယ်။ မိမိတို့တည်းခိုကြရမဲ့ ဟိုတယ်က ရန်ကုန်မြို့တွင်း ပြည်လမ်းအဆုံးမှာရှိနေတာရယ်၊ ပြည်လမ်းပေါ်မှာရှိနေတဲ့ ထောက်ကြန့်စစ်သင်္ချိုင်း၊ အင်းလျားကန်၊ ပြည်သူ့ဥယျာဉ် စတာတွေကို ဝင်ရောက်လေ့လာလည်ပတ်လို့ရအောင်လို့ပါ။ ရွှေတိဂုံဘုရားကိုတော့ ဟိုတယ်ကို ရောက်ရှိအပြီး ညနေပိုင်းမှ ဖူးမြော်ကြဖို့စီစဉ်ထားကြတယ်။

ခရီးစဉ်အတိုင်း မောင်းနှင်လာပြီး မကြာခင်မှာ ထောက်ကြန့်စစ်သင်္ချိုင်းကိုရောက်လာခဲ့ကြတယ်။ ဒါပေမဲ့ အချိန်ကြန့်ကြာမှာစိုးတာကြောင့် ကားကိုရပ်၊ ကားပေါ်ကနေမဆင်းကြတော့ဘဲ ကားကိုတဖြည်းဖြည်းမောင်းရင်း ကားပေါ်ကနေပဲ လေ့လာကြည့်ရှုကြရတယ်။ အဓိကအားဖြင့် သိမြင်ရောက်ဖူးခြင်းမရှိသေးတဲ့တူလေးတွေ မြင်ဖူးအောင်ပါ။ သမိုင်းမှတ်တမ်းတွေအရ ထောက်ကြန့်စစ်သင်္ချိုင်းကို ၁၉၅၁ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက မန္တလေး၊ မိတ္ထီလာ၊ စစ်တွေ၊ ဆားမှော်မြို့တွေမှာ ကျဆုံးသွားခဲ့ရတဲ့ စစ်သည်တွေကို ကမ္ဘည်းထိုးစုဆောင်းထားတာဖြစ်တယ်။ ထောက်ကြန့်သင်္ချိုင်းမှာ ကမ္ဗည်းအရေအတွက် စုစုပေါင်း ၆၃၇၄ ခုရှိနေပြီး ၁၈၁၉ ဦးက အိန္ဒိယအမျိုးသားတွေဖြစ်ကြောင်း သိထားတယ်။ သင်္ချိုင်းဆိုပေမဲ့ အလွန်သန့်ရှင်းသပ်ရပ်တဲ့နေရာတစ်ခုပါ။ သင်္ချိုင်းအတွင်းမှာ လေ့လာလည်ပတ်ကြတာတွေ၊ ရုပ်ရှင်ဗီဒီယို ရိုက်ကူးကြတာတွေတောင် ရှိနေကြပါတယ်။

ထောက်ကြန့်စစ်သင်္ချိုင်းကို ကျော်လွန်ပြီးတာနဲ့ ကားတွေ ပိုမိုများပြားရှုပ်ထွေးလာတယ်။ ရန်ကုန်မြို့တွင်းကို ချဉ်းကပ်ဝင်ရောက်လာတာနဲ့အမျှ ရှေ့ကိုဆက်ပြီး ဒီထက်မက ပိုမိုများပြားလာကြအုံးမှာပါ။ ကားကို ဂရုစိုက်မောင်းနှင်လာရင်းနဲ့ ဆယ်မိုင်ကုန်းကိုရောက်တော့ ရန်ကုန်မြို့ရဲ့နာမည်ကျော် ဒံပေါက်ဆိုင်ကြီးတစ်ဆိုင်ကို တွေ့မြင်လိုက်ရတယ်။ နာရီကြည့်လိုက်တော့လဲ ၁၁ နာရီထိုးနေပြီဖြစ်လို့ နေ့လယ်စာစားရအောင် ကားကို ရပ်လိုက်တယ်။ ဒီနေ့ နေ့လယ်စာအဖြစ် ဒံပေါက်ကိုစားကြမှာပါ။ ဆိုင်က နာမည်ကျော်ဆိုင်ဖြစ်နေသလို စားသောက်ရတဲ့ဒံပေါက်ထမင်းကလဲ အလွန်ကောင်းပါတယ်။ ထမင်းစားပြီးရင် အလုပ်တစ်ခုပြီးသွားတယ်ဆိုတဲ့အတိုင်း နေ့လယ်စာစားသောက်ပြီးတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ခရီးစဉ်အရ အင်းလျားကန်မှာ သွားရောက်လမ်းလျှောက် လေ့လာကြည့်ရှုရင်း လေညှင်းခံကြမှာပါ။

ပြည်လမ်းမကြီးအတိုင်း မောင်းလာရင်းနဲ့ အင်းလျားကန်ရှိရာကို ရောက်လာကြပါပြီ။ ဒါပေမဲ့ ကန်ပေါင်မှာ လမ်းလျှောက်ကြမယ်၊ လေညင်းခံကြမယ်ဆိုတဲ့ မူလရည်ရွယ်ချက်တွေက အလွန်ပြင်းတဲ့ နေပူဒဏ်ကြောင့် ပြောင်းလဲပျောက်ကွယ်သွားခဲ့ရပြီ။ သစ်ပင်အရိပ်ကောင်းကောင်းရှိရာအောက်ကို အပြေးအလွှား ဝင်ရောက်ခိုလှုံကြရတယ်။ အင်းလျားကန်ရဲ့ အလှကို သစ်ပင်အရိပ်အောက်ကနေ ကြည့်ရှုကြရတယ်။ နေ့ရက်က သီတင်းကျွတ်လပြည့်နေ့ဖြစ်နေလို့ အင်းလျားကန်မှာ လာရောက်လည်ပတ်ကြသူတွေ များပြားနေပေမဲ့ အများစုက နေအပူဒဏ်ကြောင့် မိမိတို့လို သစ်ပင်ရိပ်တွေအောက်မှာပဲရှိနေကြတယ်။ ကန်ပေါင်မှာ လမ်းလျှောက်နေကြသူတွေ မရှိမလောက်ဖြစ်နေတာကို တွေ့မြင်နေရတယ်။

မိမိကတော့ ရန်ကုန်မြို့ကိုရောက်တိုင်း အင်းလျားကန်ကိုမရောက်ဖြစ်တာကြောင့် ရောက်တုန်းရောက်ခိုက် လမ်းလျှောက်ရအောင် တူလေးကိုလက်ဆွဲပြီး ကန်ပေါင်ဘက်ကို ထွက်လာခဲ့တယ်။ နေကတော့ အလွန်ပူပြင်းနေပါတယ်။ ဒါပေမဲ့ ပျော်ရွှင်နေတဲ့ တူလေးကြောင့် ဟိုဘက်ထိပ် ဒီဘက်ထိပ်ဆုံးလုနီးပါးအထိ လျှောက်နေရတယ်။ ကန်ပေါင်မှာ လမ်းလျှောက်ပြီးမှ အောက်ကိုဆင်းပြီး အရိပ်ရနေတဲ့လူသွားလမ်းလေးအတိုင်း ကားရပ်နားကွင်းရှိရာကို လျှောက်လာခဲ့ကြတယ်။ လူသွားလမ်းတစ်လျှောက် သစ်ပင်ရိပ်တွေအောက်က မြက်ခင်းပြင်တွေပေါ်မှာ နားနေ၊ ဆော့ကစားနေကြသူတွေ အများအပြားပါ။ အားလုံးက အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်နဲ့ ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြတယ်။ လမ်းလေးဆုံးသွားတာနဲ့ ကားရပ်နားကွင်းအနီးမှာရှိနေတဲ့ စားသောက်ဆိုင်တန်းရှိရာကို ပြန်လည်ရောက်ရှိလာခဲ့တယ်။ စားသောက်ဆိုင်တန်းမှာ အပျင်းပြေစားလို့ဝါးလို့ရတဲ့ အာလူးကြော်တွေဝယ်ခဲ့ပြီးမှ ကားရှိရာကို ထွက်ခွာလာခဲ့ကြတယ်။

အင်းလျားကန်မှာတော့ လေ့လာလည်ပတ် လမ်းလျှောက်ခဲ့လို့ပြီးပါပြီ။ ခရီးစဉ်အရ ဟိုတယ်ရှိရာကို ဆက်လက်သွားရောက်ကြပါတော့မယ်။ အချိန်ကလဲ မွန်းတည့် ၁၂ နာရီကျော်နေပြီဖြစ်လို့ ကြိုတင်ချိတ်ဆက်ထားတဲ့ အခန်းတွေရလောက်နိုင်တော့မှာပါ။ ဟိုတယ်မှာ ရေချိုးနားပြီးမှ ညနေပိုင်းမှာ ရွှေတိဂုံဘုရားနဲ့ အခြားဘုရား၊ စေတီတွေ၊ အခြားလေ့လာလည်ပတ်စရာရှိတဲ့နေရာတွေကို သွားရောက်ဖူးမြော်လည်ပတ်လိုက်ကြပါအုံးမယ်။

# ဘိုးတော်ကင်း ရုပ်ရှင်ဇာတ်ကားကို CANAL+ZAT LENN ရုပ်သံလိုင်းမှ ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်




**ရန်ကုန် ဒီဇင်ဘာ ၄**

ဘိုးတော်ကင်း ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၇ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)ထံမှ သိရသည်။

အဆိုပါ ဘိုးတော်ကင်းရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ကျော်မြသန်း၏ ဘိုးတော်ကင်း ဝတ္ထုကို သက်ဦးမောင်က ဇာတ်ညွှန်းရေးသားထားကာ BoBo Film Production အတွက် ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)နှင့်အတူ လက်ထောက် ဒါရိုက်တာများအဖြစ် အိ၊ သုန္ဒာအောင်၊ သားကျော်တို့က ရိုက်ကူးပုံဖော်ထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ဇာတ်ကားကို တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"တကယ့်ဖြစ်ရပ်ကို အခြေခံထားတဲ့ စာရေးဆရာ ကျော်မြသန်းရဲ့ နာမည်ကျော် ဝတ္ထုတစ်ပုဒ်ဖြစ်တဲ့အတွက် သရုပ်ဆောင်ပိုင်း၊ ဇာတ်ညွှန်းပိုင်း၊ မီးအလင်းအမှောင်ကအစ ဂရုတစိုက်နဲ့ ရိုက်ကူးထားပါတယ်။ လှူ့ကျင့်ဝတ်နဲ့မညီတဲ့ လုပ်ရပ်တွေနဲ့ ကမ်းကုန်အောင် မိုက်ခဲ့တဲ့ ဘိုးတော်ရဲ့ ဖြစ်ရပ်မှန်ဘဝတွေကို ရိုက်ကူးတင်ဆက်ထားတာဖြစ်ပါတယ်။ ရုံတင်စဉ်က မကြည့်လိုက်ရတဲ့ ပရိသတ်တွေအတွက် CANAL+ ZAT LENN က ထုတ်လွှင့်ပေးမှာပါ"ဟု ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က ပြောပြသည်။

ဘိုးတော်ကင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ စည်သူဝင်း၊ အိချောပို၊ ခြူးလေး၊ ထက်ထက်ထွန်း၊ လှနုထွန်း၊ ဥသြသံသာ၊ သံစဉ်ဆည်းဆာနှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Portrait of God ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရန် ယူနီဗာဆယ်ပြင်ဆင်နေ

**နယူးယောက် ဒီဇင်ဘာ ၄**

ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီသည် Portrait of God အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် ပြင်ဆင်နေကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒီလန်ကလပ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ဒါရိုက်တာ ဒီလန်ကလပ်ဖန်တီးခဲ့သည့် Portrait of God ယူကျူ ထိတ်လန့်သည်းဖို ဇာတ်ကားတိုကို ချဲ့ထွင်ရိုက်ကူးမည့်ရုပ်ရှင်ဇာတ်ကားဖြစ်သည်။


Portrait of God ဇာတ်ကားသည် ဘုရားသခင်မှာ မည်သည့်ပုံစံမျိုးရှိသည်ဆိုသော မေးခွန်းကို အဖြေရှာနေသည့် အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Portrait of God ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ယူနီဗာဆယ်က ရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ထုတ်လုပ်သူများအဖြစ် ဆမ်ရိုင်းမီနှင့် ဂျော်ဒန်ပီလီတို့က တာဝန်ယူထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# တေးသံရှင် ကော်နီ၏ Ladies Night Party တေးဂီတဖျော်ဖြေပွဲကို သာကေတမြို့နယ်ရှိ ကံတက် Music Bar တွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၄**

တေးသံရှင် ကော်နီ၏ Ladies Night Party တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ကံတက် Music Bar ၌ ဒီဇင်ဘာ ၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင်ကော်နီထံမှ သိရသည်။

အဆိုပါ Ladies Night Party တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ကော်နီ၏ သီဆိုဖျော်ဖြေမှုများကို Creator Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၅ ရက် သောကြာနေ့ညမှာ Asia Point Bowling Compound မှာရှိတဲ့ ကံတက် Music Barမှာ Ladies Night Party ဖျော်ဖြေပွဲရှိပါတယ်။ တီကော်နဲ့အတူ Creator Music Band တေး




ဂီတအဖွဲ့ကလဲ အကောင်းဆုံးပါဝင်ပံ့ပိုးပေးသွားမှာပါ။ သာကေတရှုခင်းသာက ရန်ကုန်မြစ်ကမ်းဘေးမှာ Romance နဲ့ Rock ကို ရောစပ်မဲ့ညမှာ River View ကြည့်ရင်းနဲ့ အတူခံစားနားဆင်ဖို့ ဒီဇင်ဘာ ၅ ရက်ကို ဘယ်လိုမှ လက်လွှတ်မခံပါနဲ့နော်"ဟု တေးသံရှင်ကော်နီက ပြောပြသည်။

တေးသံရှင် ကော်နီ၏ Ladies Night Party တေးဂီတဖျော်ဖြေပွဲကို ကံတက် Music Bar တွင် ဒီဇင်ဘာ ၅ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Sunny ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး အင်ဂျလီနာဂျိုလီ ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၄**

Sunny အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်၌ အော်စကာဆုရှင် မင်းသမီး အင်ဂျလီနာဂျိုလီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ထို့ပြင် အင်ဂျလီနာဂျိုလီသည် Sunny ဇာတ်ကား၏ ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Sunny ဇာတ်ကားသည် ဒုစရိုက်ရာဇာတစ်ဦး၏ရန်မှ သားဖြစ်သူများကို ကာကွယ်ရန်ကြိုးပမ်းခဲ့ရသည့် အမျိုးသမီးဒုစရိုက်ဂိုဏ်းဝင်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Sunny ရုပ်ရှင်ဇာတ်ကားကို နော်ဝေ အမျိုးသမီးဒါရိုက်တာ အီဗာဆောဟော့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Sunny ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဖရန့်က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင်Sunny ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# မြူမှုန်ဝေးဝေး ရုပ်သံဇာတ်လမ်းတွဲကို SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

SKYPREMIER HD ရုပ်သံလိုင်းမှ မြူမှုန်ဝေးဝေးရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၆ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သားညီထံမှ သိရသည်။

အဆိုပါ မြူမှုန်ဝေးဝေးရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို Cloud Club အဖွဲ့က ရေးသားထားကာ ဒါရိုက်တာ သားညီက မီးမီးမွှေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ရုပ်သံဇာတ်လမ်းတွဲ ဖြစ်ကြောင်း သိရသည်။

"လူသားတွေရဲ့မတူညီတဲ့ဘဝတွေ၊ လျှို့ဝှက်ချက်တွေ၊ လူ့စရိုက်တွေ၊ လူငယ်တွေရဲ့အချစ်၊ လူငယ်တွေရဲ့ဘဝကို တောင်ကြီးမြို့ရဲ့ ရှုခင်းလှလှတွေ နောက်ခံထားကာ ဇာတ်လမ်း၊ ဇာတ်အိမ်ခိုင်ခိုင်နဲ့ ရိုက်ကူးထားတဲ့ Romance Drama ဇာတ်လမ်းတွဲဖြစ်ပါတယ်။ တောင်ကြီးဈေးမှာ အမှတ်မထင်ရိုက်ခဲ့တဲ့ ဓာတ်ပုံထဲမှာပါလာတဲ့ ကောင်မလေးကို စိတ်ဝင်စားမိတဲ့ သတိုးဆိုတဲ့ ကောင်လေးတစ်ယောက်၊ ပြိုင်ဘက်စီးပွားရေးသမားတွေကို အနိုင်ယူနိုင်ဖို့ သမီးဖြစ်သူကို စီးပွားရေးလောကထဲကို ဝင်စေချင်တဲ့ မိခင်တစ်ဦး၊ အဲဒီမိခင်ရဲ့ထိန်းချုပ်မှုအောက်မှာ မိခင်သဘောကျနေထိုင်နေရတဲ့ ဝတီဆိုတဲ့ ကောင်မလေးတစ်ယောက် သူတို့သုံးယောက်ရဲ့ တွေ့ဆုံမှုက ဘယ်လိုဖြစ်မလဲဆိုတာ မြူမှုန်ဝေးဝေးမှာ စောင့်ကြည့်ပါအုံး"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

အဆိုပါ မြူမှုန်ဝေးဝေးရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် ကျော်ထက်အောင်၊ ဘုန်းမင်းနေလ၊ စွမ်းရည်စိုးမင်း၊ စွမ်းထက်အောင်၊ ရှိုင်းထက်၊ ရဲသူ၊ ကျော်ဇေယျ၊ လီလီကျော်ခိုင်၊ အေးသန္တာဗို၊ စိုးမိုးကြည်၊ နန်းခမ်းဝါနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားပြီး ဒီဇင်ဘာ ၆ ရက် ည ၈ နာရီမှ စတင်ကာ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း SKY-PREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Acting President of Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing pays obeisance to Maha Muni Pagoda, inspects renovation of damaged religious edifice caused by earthquake


Senior General Min Aung Hlaing pays homage to Maha Muni Buddha Image.



**Nay Pyi Taw, December 4**

Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Secretary of the commision Joint Executive Chief General Ye Win Oo and his wife, members of his entourage, the chief minister of Mandalay Region, senior officers from the Office of the Commander-in-Chief of Defence Services, the commander of Central Command and officials, paid obeisance to the Maha Muni Pagoda and renovation of the damaged religious edifice in its original architecture this morning.

First, the Senior General and his wife and party arrived at the Maha Muni Pagoda and greeted pilgrims cordially. Then, the Senior General and his wife and party and party offered emerald bowl meals, fruit meals, flowers and water and paid obeisance to the Maha Muni Buddha Image.

Afterward, the Senior General and party rounded the pagoda clockwise and inspected the renovation of damaged religious buildings caused by the Mandalay earthquake *See Page 13*




Senior General Min Aung Hlaing inspects renovation of a damaged religious building caused by the earthquake.


Senior General Min Aung Hlaing visits the museum of donated religious items.


Senior General Min Aung Hlaing greets pilgrims.


Photo of the damage to the seven pillars at the back of the temple (Aung Myay).


Photo of the completion of the repair of the seven pillars at the west (Aung Myay) location.


Photo of the damaged umbrella.


Photo of the umbrella after repair.

*From Page 12*

in their original architecture before giving instructions on durability and systematization of renovated and newly constructed buildings and other requirements.

Then, the Senior General and his wife presented the collectively donated cash for all-round renovation of the pagoda to members of the pagoda board of trustees.

Afterward, the Senior General and party proceeded to the museum of items donated by foreign well-wishers and the attached jewelry hall and inspected the restoration of the diamond bud and pennant-shaped vane fallen by the strong earthquake, the gold, silver and gems, diamond buds, the pennant-shaped vane, the golden jewelry pot, nine branches of bells, four celestial kings, four tiers of Zune, the bulb of screw pine, nine tiers of the umbrella before giving necessary instructions on reports of responsible officials.

Then, the Senior General arrived at the staircase of the pagoda and gave necessary instructions on systematization of it because it was constructed for the peace of mind of the pilgrim public to officials and cordially greeted the pilgrim public. 100

# Farmers to grow more than 21,000 acres of pulses and beans in Myaungmya Township

**Myaungmya December 4**

Plans are underway to grow 21,227 acres of pulses and beans as cold season crops in Myaungmya Township of Ayeyawady Region this year, according to the township Agriculture Department.

In Myaungmya Township, a total of 21,227 acres of pulses and beans will be planted during this year's winter crop season, beginning in the fourth week of November. Of the planned 21,227 acres, 5,754 acres will be planted with black gram, 8,220 acres with green gram, 4,718 acres with bocade beans, and 2,535 acres with groundnuts.

"In Myaungmya Township, more than 21,000 acres of pulses and beans will be cultivated this winter crop season. Support will be provided throughout the season until harvest. To ensure successful cultivation of pulses and other winter crops, the Township Agriculture Department has been providing necessary technical assistance and inputs, along with continued coordination and support," said Daw Khin Htay Myint, head of the Myaungmya Township Agriculture Department.

For this year's winter crop season, departments, administrative bodies, and local farmers are working together in Myaungmya Township to fully cultivate pulses according to plan, to ensure strong yields of black gram, and to maintain black gram crops free from pest risks.

Kyaw Kyaw Lin

# Phone battery explosion injures 8 teenagers in Polish dormitory

**Warsaw December 4**

A mobile phone battery exploded in a school dormitory in southeastern Poland early on Thursday, sending eight teenagers to hospital and forcing the evacuation of the building, local fire services and media reported.

The blast occurred before 1 a.m. local time (0000 GMT) in the town of Ropczyce. According to a fire service officer, the phone exploded while being used by a 16-year-old boy, injuring his hands.

Smoke filled the building following the explosion, prompting the evacuation of all residents. Seven other teenagers reported feeling unwell and were taken to hospital along with the injured boy, the officer told local press.

Firefighters ventilated the dormitory. After confirming no further danger, they allowed nearly all evacuated students to return to their rooms.

Local authorities said an investigation into the incident is ongoing.

Xinhua

# Devastating floods in South, Southeast Asia expose climate risks, systemic gaps

**Jakarta December 4**

Parts of South and Southeast Asia have witnessed the most devastating flooding in years as a result of relentless downpours compounded by a tropical cyclone, with Indonesia, Sri Lanka, and Thailand reporting a combined death toll exceeding 1,400, with nearly 900 people still missing.

It is believed that human-induced vulnerabilities have amplified the flood impact despite the heavy rainfalls, with experts appealing to strengthen early warning systems, shelter facilities, and disaster management plans.

As of Wednesday, 770 people had died and 463 were missing from recent floods and landslides in North Sumatra, West Sumatra, and Aceh provinces in Indonesia.

In Sri Lanka, the death toll from adverse weather triggered by Cyclone Ditwah has risen to 479, with another 350 people missing, while more than 1.6 million people from 455,405 families have been affected nationwide.

Thailand has experienced a heavy rainstorm unseen in centuries in its Hat Yai district in Songkhla province, with satellite images showing the district was once mostly submerged under 2 to 3 meters of floodwater. As of Tuesday, the floods had caused 180 deaths in the country, of which 142 were in Hat Yai.

Xinhua

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing graces ceremony to open the new building of Central Bank of the Republic of Union of Myanmar (Mandalay branch)



Senior General Min Aung Hlaing poses for a group photo at the opening of the new building of Central Bank of the Republic of Union of Myanmar (Mandalay branch).

**Nay Pyi Taw December 4**

A ceremony to open the new building of Central Bank of the Republic of Union of Myanmar (Mandalay branch) was held this morning, graced by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing, who formally inaugurated the building.

Also present at the ceremony together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers and the persons with the rank of a minister, the Mandalay Region chief minister, senior military officers from Office of Commander-in-Chief, the Central Command commander, region level departmental officials, members of the Board of Directors of the Central Bank, and officials of the Myanmar Banks Association and State-owned and private banks.

The Senior General and party arrived at the venue, and were welcomed by the Union Minister for Construction, the chief minister, the governor of the Central Bank of Myanmar and officials.

SSPC Secretary Joint Executive Chief General Ye Win Oo, Union Minister for Transport and Communications U Mya Tun Oo, Union Minister for Construction U Myo Thant, Mandalay Region Chief Minister U Myo Aung and Governor of the Central Bank of Myanmar Daw Than Than Swe formally opened the new building of the branch by cutting a ribbon.



Senior General Min Aung Hlaing sprinkles scented water on the plaque of the bank building.



Senior General Min Aung Hlaing observes a banking process.

Afterward, Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing formally inaugurated the building by pushing the button. The Senior General and attendees posed for documentary photos.

The Senior General sprinkled scented water on the plaque of the building, and the SSPC Secretary and attendees followed suit.

The Senior General and party looked around the new branch building.

At the second part of the ceremony, a video clip on the history of the branch and the completion of the new building was shown, and Union Minister U Myo Thant handed over the related documents to Governor Daw Than Than Swe.

The Senior General then accepted a commemorative gift presented by the governor in his honor.

The governor spoke words of thanks regarding the opening of the new branch building.


After the ceremony, the Senior General cordially greeted the attendees.

The Senior General was conducted round the documentary photo gallery of the new building.

The Central Bank of Myanmar is implementing its adopted vision and objectives in accord with the changing systems for the stability and development of the financial sector. Its functions involve the effective supervision and control of the financial sector of states and regions of Myanmar, the financial progress of various parts of the country, alongside their development, and promotion and effective supervision of financial inclusion of the relevant parts of the country including border areas. The new building of Central Bank of the Republic of Union of Myanmar (Mandalay branch) was erected in financial year 2022-2023 in Mandalay, an economic hub of Myanmar, in accord with the directive of the Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission, and the inauguration ceremony took place today. The Ministry of Construction erected the building in accord with the standard features and quality of an international central bank. 100

# 297 buildings used for online scams and gambling demolished in KK Park area; 248 more illegally operating online gamblers arrested in Myawady Ward (3)

Building C9, a four-story residential structure illegally constructed in KK Park Zone 3.



Before demolition.



After demolition.

**Nay Pyi Taw December 4**

The government of Myanmar has been conducting clearance operations using joint forces, including security personnel, administrative bodies, and regional authorities, in the Shwe Kokko and Myawady-Maehtawthalay (KK Park) areas, where online scam and gambling operations are most concentrated. These operations involve entering and clearing illegal structures, systematically demolishing and destroying illegal buildings used in online scam and gambling processes, and sealing and seizing assets. It has been learned that, as of today, 297 illegal buildings within the KK Park area have been systematically demolished.

Today, within the KK Park Area (Part 3), 4 more illegal buildings were demolished: one two-story building, two three-story buildings, and one four-story building. This brings the total number of buildings demolished in Part 3 to 149 out of 425 buildings. Overall, within the entire KK Park area, 297 out of a total of 635 illegal buildings have now been demolished.

Furthermore, 278 Chinese nationals who had committed crimes, including online gambling and online scams, in the Shwe Kokko area of Kayin State's Myawady Township, were transferred today via the Myanmar-Thailand Friendship Bridge No. (2) to the relevant countries. This transfer was carried out in accordance with legal procedures, guided by humanitarian considerations and the spirit of friendly relations between nations.

Authorities are vigorously and extensively searching for, arresting, and taking action against those committing crimes, including online gambling and online scams. According to information from security joint forces in Myawady, security checks were conducted in the Myawady area today. In Ward (3), 248 individuals—25 Chinese nationals and 223 Myanmar nationals—engaged in illegal online gambling and online scams were arrested. Seized along with them were 82 various computers, 92 mobile phones, and related accessories used in these illegal financial fraud and gambling activities. Those arrested will be systematically dealt with according to legal procedures. Additionally, 8 buildings used for online scam and gambling operations were discovered: five three-story buildings and three one-story buildings. To prevent their reuse, the demolition of one three-story building among them was initiated today in a systematic manner.

From January 30 to December 4, 2025, a total of 12,945 foreign nationals who illegally entered Myanmar have been detained. All have been processed, and 11,239 of them have been systematically deported through Thailand to their respective countries in accordance with legal procedures. The remaining 1,706 foreign nationals are ready to be transferred to their respective countries and are being well-detained and cared for.

The government, taking the suppression of online scam and gambling crimes as a national duty, will continue its operations in collaboration with domestic forces and neighbouring governments to ensure these activities cannot take root within Myanmar. 100

A three-story residential building operating illegal online gambling activities within Myawady Township.



Before demolition.



After demolition.



Computers and related equipment used in online fraud and gambling activities seized within Myawady Township.



Mobile phones and related equipment used in online fraud and gambling activities seized within Myawady Township.



25 Chinese nationals arrested while engaging in illegal online gambling operations.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ကျောဖုံးမှအဆက်

မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်နေရာသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်ကို ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)အဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်ကမွည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ် ကမွည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်ပြီး ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမွည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

၎င်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)၏ သမိုင်းကြောင်းနှင့် အဆောက်အအုံတည်ဆောက်ပြီးစီးမှုအား Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက်ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)အဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်

# အာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသအသွင်ကူးပြောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၄**

အသိပညာမျှဝေမှုကိုမြှင့်တင်ရန်၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်နှင့် အာဆီယံတစ်ဝန်း လွှမ်းခြုံနိုင်သည့် ရေရှည်တည်တံ့သော ကျေးလက်ဒေသအသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်နိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသအသွင်ကူးပြောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ THE ERAVATI SULE GRAND ဟိုတယ်ရှိ Grand Ballroom ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာအခမ်းအနားကို နိုင်ငံတော်သီချင်းနှင့်အာဆီယံသီချင်းသီဆိုဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသအသွင်ကူးပြောင်းရေးကို Myanmar Comprehen-sive Sustainable Development Plan နှင့် အညီ ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးဆောင်ဝန်ကြီးဌာနဖြစ်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူလူဦးရေ ၆၉ ရာခိုင်နှုန်းအတွက် ကျေးလက်ဒေသအသွင်ကူးပြောင်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Territorial Rural Development approach ကို လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် SMART Village စီမံကိန်းမှတစ်ဆင့်ကျေးလက်အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးစသည့် ကဏ္ဍကြီးခြောက်ရပ်ကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကျေးလက်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)၏ သမိုင်းကြောင်းနှင့် အဆောက်အအုံတည်ဆောက်ပြီးစီးမှု Video Clipကို ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်တည်ဆောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့်အညီ ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ငွေရေးကြေးရေးကဏ္ဍကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပိုမိုထိရောက်စွာ ကြီးကြပ်ထိန်းကျောင်းဆောင်ရွက်နိုင်ရေး၊ ဒေသအသီးသီး၏ဖွံ့ဖြိုးမှုတွင် ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးမှုကိုပါ တစ်ပါတည်းဖော်ဆောင်နိုင်ရေးနှင့် နယ်စပ်ဒေသအပါအဝင် ဒေသအသီးသီးတွင် Financial Inclusion ကို ပိုမိုဖော်ဆောင်ရန်နှင့်ကြီးကြပ်ထိန်းကျောင်းမှုကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်အရ နိုင်ငံ၏စီးပွားရေးအချက်အချာကျသည့် မန္တလေးမြို့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်ကို၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါမြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်သည် နိုင်ငံတကာဗဟိုဘဏ်အဆင့်မီ အဆောက်အအုံအင်္ဂါရပ်များနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်နှင့်သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေထံ လွှဲပြောင်းပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသအသွင်ကူးပြောင်းခြင်းအလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

အသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်များ၏ အတွေ့အကြုံကောင်းများ၊ အလေ့အကျင့်ကောင်းများ၊ အောင်မြင်စေနိုင်သည့်အချက်များ၊ ထပ်ပေါင်းထပ်ပွားဆောင်ရွက်နိုင်သည့် နည်းလမ်းများကို လက်တွေ့မြေပြင်တွင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများ ဆွေးနွေးမျှဝေသွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်ထံမှပေးပို့သော အမှာစကား (Pre-Recorded Remark Video)နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုပြသသည်။

ဆက်လက်၍ ActionAid မှ Country Director ဖြစ်သူ Mr. Shihab Uddin Ahamad က Rethinking Rural Development in a Transforming ASEAN ခေါင်းစဉ်ဖြင့် Key Note Speech ဆွေးနွေးပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက်တက်ရောက်ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံဒေသတွင်း ကျေးလက်ဒေသအသွင်ကူးပြောင်းမှုဆိုင်ရာများ၊ဆန်းသစ်တီထွင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် ကျေးလက်စီးပွားမြှင့်တင်ရေးဆိုင်ရာများ၊ ချိတ်ဆက်မှုအားကောင်းသော အနာဂတ်တစ်ခုတည်ဆောက်ခြင်းဆိုင်ရာများ၊ ကြံ့ကြံ့ခံသော အနာဂတ်အတွက် ကျေးလက်လူထုကို စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာများကို Panel Session လေးခုခွဲကာ ဆွေးနွေးမှုများ ဆက်လက်ကျင်းပသည်။

အဆိုပါအာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများ ထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသ အသွင်ကူးပြောင်းခြင်းအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် လှည်းကူးမြို့နယ် ရဲမွန်စံပြကျေးရွာသို့လည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသနစင်တာသို့လည်းကောင်း၊ မြန်မာ့လက်မှုပညာစင်တာသို့လည်းကောင်း လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်းတော်နှင့် ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုစဉ်။







**ရှေ့ဖုံးမှအဆက်**

ဘုရားဖူးလာမိဘပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်းတော်နှင့် ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်၍ ဘုရားကြီးရှိ သာသနိက အဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက် မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ၊ အသစ်တည်ဆောက်ရသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားရန်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူစဉ်။

နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက

**စာမျက်နှာ ၁၉ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရားဖူးလာ မိဘပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သော လှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၁၈ မှအဆက်

လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ပလှူဖွယ်ပစ္စည်းများ ပြခန်းနှင့် ချိတ်ဆွဲရတနာခန်းမသို့ ရောက်ရှိပြီး ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူများ လှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငှက်မြတ်နားတော်၊ ရတနာရွှေအိုးနှင့် ဆည်းလည်းကိုးခိုင်၊ နတ်မင်းကြီးလေးပါး၊ ဇွန်းလေးဘုံ၊ ဆပ်သွားဖူးတော်၊ ထီးတော်ကြီး ဘုံကိုးဆင့်တို့ ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဘုရားစောင်းတန်းနေရာသို့ရောက်ရှိပြီး ဘုရားစောင်းတန်းများသည် ဘုရားဖူးလာမိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာနိုင်ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် စနစ်တကျဖြစ်ရန်လိုကြောင်းဖြင့် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ပြီး ဘုရားဖူးလာရောက်ကြသည့် ဘုရားဖူးလာမိဘပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး မကိုဋ်တော်တိမ်းစောင်းခဲ့ခြင်းအား ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။




ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် ထုပိကာပျက်စီးခဲ့မှုနှင့် ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။




ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် ပိဋကတ်တိုက်ပျက်စီးခဲ့မှုနှင့် ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ကလောမြို့နှင့် မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၅)ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇၂ ပါးနှင့် ဒေသခံပြည်သူ ၁၆၄ ဦးတို့ကို သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နှလုံးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ Ultra-sound စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ပဋ္ဌိပတ္တိမာမကကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ကြည့်ရှုအားပေးစဉ်။


# မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများ၌ Door to Door ဆောင်ရွက်နေသည့် အခြေအနေများကို လိုက်လံကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများ၌ Door to Door ဆောင်ရွက်နေသည့် အခြေအနေများကို လိုက်လံကြည့်ရှုအားပေးစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများ၌ Door to Door ဆောင်ရွက်နေသည့် အခြေအနေများကို လိုက်လံကြည့်ရှုအားပေးစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများ၌ Door to Door ဆောင်ရွက်နေသည့် အခြေအနေများကို လိုက်လံကြည့်ရှုအားပေးစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများ၌ Door to Door ဆောင်ရွက်နေသည့် အခြေအနေများကို လိုက်လံကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၄

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲပေးခြင်းသည် နိုင်ငံသားများ၏ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲပေးပိုင်ခွင့်အခွင့်အရေးပြည့်ဝစွာရရှိရေး၊ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ဒေသခံပြည်သူများ မဲစာရင်းမှန်ကန်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး Door to Door စနစ်ဖြင့် မြေပြင်တစ်အိမ်တက်ဆင်း၍ လိုက်လံကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အောင်နန်းရိပ်သာရပ်ကွက်၊ တနိုင်းမြို့နယ် ကင်ဆားရာရပ်ကွက်၊ ဒူကောင်းရပ်ကွက်နှင့် ဆင်ဆာ့ကောင်းရပ်ကွက် တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၉)ရပ်ကွက်၊ အမှတ်(၁၀) ရပ်ကွက်နှင့် အမှတ်(၁၂) ရပ်ကွက်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ကံကြီးရပ်ကွက်၊ ကျောင်းကြီးစုရပ်ကွက်၊ ကလောမြို့နယ် မြင်းမထိရွာ၊ အောင်ပန်းမြို့ မင်္ဂလာရပ်ကွက်၊ နမ့်စန်မြို့ရှိ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၄) ရပ်ကွက်၊ ခိုလမ်မြို့ရှိ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့၌လည်းကောင်း Door to Door စနစ်ဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း မဲစာရင်း တိုက်ဆိုင်စစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ရပ်ကွက်၊ ကျေးရွာများအလိုက် ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေးမြန်းကာ မဲဆန္ဒရှင်ပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်


တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ကိုကိုးကျွန်းမြို့မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ကိုကိုးကျွန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၉၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၅ ဦး၊ ခွဲစိတ်ရောဂါဦးရေ ၃၀၊ သားဖွားမီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါဦးရေ ၂၀၊ အရိုးရောဂါ ၃၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၆၈ ဦး၊ သွားနှင့် ခံတွင်းရောဂါ ၅၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၂၉၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ သွားနုတ်၊ သွားဖာ ၅၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ လေးဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ လာရောက် ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"မနှစ်ကဆို မျက်စိလာကုတာ ပျောက်ကင်းသွားပါတယ်။ အခုကျတော့ နှာခေါင်းပေါ့နော် ထိပ်ကပ်နာနည်းနည်း ဖြစ်ချင်လို့ လာကုသတာပါ။ ဆရာဝန်တွေက နွေးနွေးထွေးထွေးနဲ့ ကုသပေးပြီးတော့ ကြည့်ရှုပေးပါတယ်။ မနှစ်တုန်းက မျက်စိမပြခင်တုန်းက မျက်စိက စာဖတ်ရင်လဲ မမြင်ရဘူးပေါ့နော်။ အဝေးလဲ မှုန်တယ်၊ အနီးလဲ မှုန်တယ်။ အဲ့ဒါကုသပြီးတော့ အဲ့ဒီမျက်မှန်ကို သူတို့ပြောတဲ့ လအတိုင်း တပ်လိုက်တဲ့အခါ ပျောက်ကင်းသွားပါတယ်။ အခုလိုလာကုသပေးတဲ့အတွက်ကြောင့် အရမ်းပေါ့နော် ကိုကိုးကျွန်းသူ၊ ကျွန်းသားတွေကိုယ်စား အရမ်းဝမ်းသာ ပီတိဖြစ်မိပါတယ်။ အခုလို နွေးနွေးထွေးထွေးနဲ့ ဆရာဝန်တွေ၊ ပါရဂူတွေက





အခုလို ကုသပေးတဲ့အတွက်ကြောင့် အရမ်းဝမ်းသာပါတယ်"ဟု ပြောသည်။

"ကျွန်မကတော့ သွေးတိုးပေါ့နော် သွေးတိုးဖြစ်လို့လာပြတယ်။ သွေးတိုးဆိုတော့ ဆရာဝန်ကြီးတွေက သွေးတိုးဆို ဆရာဝန်တွေကိုလဲ အားမနာနဲ့ အရေးကြီးတယ်ပေါ့။ သွေးတိုးကနေ နှလုံး ဒီလိုမျိုး အကုန်လုံး အဓိကပေါ့နော်၊ ဆရာဝန်တွေ စမ်းသပ်တာ သူတို့ဘာသာသူတို့ပေါ့နော် လုပ်ပေးမယ်ပေါ့။ သွေးတိုးမှာ ဖြစ်တဲ့ရောဂါတွေကို ရှင်းပြတာပေါ့။ သွေးတိုးကနေ ဖြစ်သွားနိုင်တဲ့ ရောဂါတွေကို ရှင်းပြသွားတယ်ပေါ့နော်။ သွေးတိုးရင် ရှောင်ကြဉ်ရမယ့်အရာတွေ၊ ဒီအနေအထိုင် အစားအသောက်တွေပေါ့နော်၊ အဓိကက အစားအသောက်အနေအထိုင် ဆေးသောက်ရမယ့်ပုံစံလေးတွေ ပြောပြသွားတယ်။ သွေးပေါင်ချိန်မယ့် အတိုင်းအတာလေးတွေ၊ ကျွန်မတို့အတွက်လဲ သိသင့်သိထိုက်တာလေးတွေ သိလိုက်ရပါတယ်။ သူများတွေကိုလဲ ပြောပြလို့ရတာပေါ့နော်။ သွေးတိုးရင် ဒီလိုမျိုးဖြစ်တတ်တယ်ဆိုတာကို ကျွန်မတို့ ကျွန်းက ပြည်သူတော်တော်များများက အတွေ့အကြုံသိပ်မရှိပါဘူး။ ဒါပေမဲ့ ဆရာဝန်ကြီးတွေက အလိုက်အထိုက် အကုန်လုံး သင့်တော်သလို ကုသပေးပါတယ်။ ပြောလဲ ပြောပြတယ်၊ အဆင်ပြေပါတယ်။ ကျေးဇူးလဲတင်ပါတယ်။ ဘာလို့ဆိုတော့ ကိုယ့်ကျွန်းကို တကူးတကသီးသန့် လာရောက်ကုသပေးတဲ့အတွက် ကိုလဲ တကယ်ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (၅၀၁)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်


တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာရှိ သိရိမင်္ဂလာမိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၈၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၆၂ ဦး၊ ခွဲစိတ်ရောဂါ ၂၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၅၈ ဦး၊ ကလေးရောဂါ ၂၇ ဦး၊ အရိုးရောဂါဦးရေ ၁၂၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၅ ဦး၊ မျက်စိရောဂါဦးရေ ၁၀၀ နှင့် သွားနှင့် ခံတွင်းရောဂါ ၄၂ ဦး စုစုပေါင်းဒေသခံပြည်သူ ၅၈၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ သွားနုတ်၊ သွားဖာ ၂၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

၎င်းပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများသည် ဒီဇင်ဘာ ၃ ရက် ည ၈ နာရီ ၁၆ မိနစ်ခန့်တွင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျွန်းသာယာကျေးရွာအုပ်စု ညောင်ပိတ်ကျေးရွာနေ ဦးရဲနိုင်ထွန်း၏ဇနီး ဒေါ်ဖူးငုံလွှာ အသက် ၂၆ နှစ်၏ တတိယကိုယ်ဝန်ကို ကိုယ်အလေးချိန် ၆ ပေါင် ၁၀ အောင်စရှိ သားရတနာကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး မိခင်ရော ကလေးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်းနှင့် ၎င်းကလေးငယ်ကို တာဝန်ရှိသူများက ချီးမြှင့်ငွေများနှင့် ကလေးအသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်တွင် ပထမဆုံး မွေးဖွားသည့် ကလေးငယ်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်မနာမည် မဖူးငုံလွှာပါ။ ညောင်ပိတ်ကနေပြီး လာခွဲတာပါရှင့်။ ခွဲရက်ကလဲ မလိုတော့ဘူး၊ သူများတွေက ညွှန်ကြတယ်။ ဒီမှာက ရက်နီးလို့ရှိရင် တစ်ခါတည်း ခွဲပေးသွားတယ်တဲ့၊ ဒီမှာမွေးတာက ပိုကောင်းတယ်ပေါ့နော်။ ပိုက်ဆံမကုန်တဲ့ အပြင် ထောက်ပံ့ကြေးလဲရတယ်။ လူနာပေါ်မှာလဲ ဂရုစိုက်တယ်။ တစ်ခါမှတော့ အဲဒီလိုမကြုံဖူးဘူးပေါ့နော်။ အခုမှ ကြုံဖူးတာ ဝမ်းလဲသာပါတယ်။ အကုန်လုံးကိုလဲ ကျေးဇူးတင်ပါတယ်။ ကိုယ်အဆင်မပြေ






တဲ့အချိန်မှာ ဒီလိုမျိုးကြုံတွေ့ရတာ တကယ်လဲ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ လာရောက်ကုသပါလို့ အကုန်လုံးလဲ အဆင်ပြေပါတယ်။ ကောင်းလဲကောင်းပါတယ်။ နောက်ပြီးတော့ ခွဲပေးတဲ့ ဆရာဝန်တွေကလဲ တော်ပါတယ်။ အဲ့ဒါကြောင့် အကုန်လုံးကို ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ပြောသည်။

"အဘွားရဲ့ နာမည်က ဒေါ်လှဝင်းပါ။ အသက်က ၆၄ နှစ်ပါ။ စခန်းချောင်းကြီး ကျေးရွာက လာပြီးဆေးလာကုတာပါ။ အရိုးအကြောလဲ ပြတယ်၊ ဒီရောက်တော့ သွေးပေါင်တက်နေတော့ ECG ဆွဲပေးတယ်၊ Ultrasound လဲ ရိုက်ပြီးတော့ စစ်ဆေးပေးပါတယ်။ ကျောက်ကပ်တို့ အကုန်ကောင်းတယ်တဲ့၊ အဲ့ဒီသွေးပေါင်တက်တဲ့ဟာကို အခု ဆေးစပ်ပေးထားတယ်။ ဆေးစပ်သောက်ပါဆိုပြီးတော့ သူတို့ဆေးပေးထားပါတယ်။ ခြေထောက်တွေက အရိုးအကြောမှာ ပြနေရတာဆိုတော့ နည်းနည်းနာကျင်မှုတော့ ရှိတာပေါ့။ မြို့တွေမှာ သွားပြမယ်ဆိုရင်လဲ ကိုယ်တွေက အဲ့ဒီလိုမျိုးတွေကို မစစ်ဆေးနိုင်တော့ အခက်အခဲ နည်းနည်းရှိတာပေါ့။ ဒီမှာကတော့ တစ်နေရာတည်းမှာတင် စုံစုံလင်လင်နဲ့ ပြသရတာပေါ့။ ဆေးကုရတယ်လေ၊ အဲ့ဒါဆိုတော့ ကောင်းပါတယ်။ သက်သာပျောက်ကင်းအောင် စောင့်ရှောက်ကုသပေးတဲ့အတွက် အဖွဲ့အားလုံးကိုကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (၅၀၁)




# ပြည်တွင်းထုတ်ဓာတ်ဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၄**

စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူလူထု၏သယံဇာတအား ပြည်သူလူထုထံသို့ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်တွင်း၌ ကိုယ်တိုင်ချက်လုပ်သည့် Ron68 ဓာတ်ဆီများကို ယခင်က ပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာမှ ယခုနှစ် ဇန်နဝါရီလမှစတင်၍ သုံးစွဲသူများထံသို့ တိုက်ရိုက်ရောင်းချသည့်စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ရရှိမှုအပေါ်မူတည်၍ Ron 72 နှင့် Ron 77 ဓာတ်ဆီများကိုလည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ယခုအခါ ရေနံစိမ်းကုန်ကြမ်းဈေးနှုန်းများ ကျဆင်းလာသည့်အတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယနေ့မှစတင်၍ ပြည်တွင်းထုတ်ဓာတ်ဆီအမျိုးမျိုးကို ယခင်ရောင်းချနေသည့်ဈေးနှုန်းများထက် တစ်လီတာလျှင် ငွေကျပ် ၂၀၀ ထိလျှော့ချ၍ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍လည်း ဌာနအနေဖြင့် အဆင့်မြင့် Ron ဓာတ်ဆီများ ကိုယ်တိုင်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၊ နှစ်လအတွင်း ၄၄၅ ကျပ်ထိ ကျဆင်းလာ

**နေပြည်တော် ဒီဇင်ဘာ ၄**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၁၄၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်တွင် စားအုန်းဆီတစ်ပိဿာလျှင် အခြေခံလက်ကားရည်ညွှန်းဈေးကို ၆၅၈၅ ကျပ်ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ရာမှ ယခုအခါ ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ဒီဇင်ဘာလ ဒုတိယပတ်တွင် ငွေကျပ် ၆၁၄၀ ထိ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိရာ နှစ်လအတွင်း တစ်ပိဿာအပေါ် ၄၄၅ ကျပ် ကျဆင်းလာကြောင်း တွေ့ရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ (၄-၁၂-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်ကော် | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၁၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကျိုင်းတုံ | ၁၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု B ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု B ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၅ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၂၉၇ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်တွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ ၂၄၈ ဦး ထပ်မံဖမ်းဆီးရမိ










KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။


**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် မြဝတီ-မယ်ထော်သလေး (KK Park) နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့်သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းနှင့် ချိပ်ပိတ်သိမ်းဆည်းခြင်းများဆောင်ရွက်လျက်ရှိရာ ယနေ့ထိ KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၂၉၇ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မယ်ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ နှစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ လေးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့ထိ ၁၄၉ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၉၇ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၇၈ ဦးကိုလည်း ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်သည်။

အွန်လိုင်းလောင်းကစားမှုများ၊အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို အင်တိုက်အားတိုက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ရှာဖွေဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ရှိ လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ဝန်းကျင်တွင် ရှောင်တခင်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ အမှတ်(၃)ရပ်ကွက်တွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊အွန်လိုင်းလိမ်လည်မှုများကျူးလွန်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၂၅ ဦး၊ မြန်မာနိုင်ငံသား ၂၂၃ ဦး စုစုပေါင်း ၂၄၈ ဦးကို တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုများတွင် အသုံးပြုသည့် ကွန်ပျူတာမျိုးစုံ ၈၂ လုံး၊ မိုဘိုင်းဖုန်း ၉၂ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါဖမ်းဆီးရမိသူများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ နေထိုင်လုပ်ကိုင်ခဲ့ကြသည့် သုံးထပ်အဆောက်အအုံ ငါးလုံး၊ တစ်ထပ်အဆောက်အအုံ သုံးလုံး **စာမျက်နှာ ၂၄ သို့**



မြဝတီမြို့အတွင်းဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် မိုဘိုင်းဖုန်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄) ရပ်အနက် တတိယအချက်ဖြစ်သော နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များအား ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာ ဗဟုသုတပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေးအပါအဝင် လူငယ်လူရွယ်များကို ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေးလုပ်ငန်းတာဝန်များအား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းအားကစား လှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိပါသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ)ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်စီအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာ ဖော်ပြရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့် အချက်များ၊

( ခ ) လတ်တလောမြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များ၊

( ဂ ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ၊

(ဃ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုမည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သင့်သည့် အချက်များ။

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ကိုးမျက်နှာထက်မနည်း၊ ၁၀ မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၁ မျက်နှာထက်မနည်း၊ ၁၂ မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ငါးမျက်နှာထက်မနည်း၊ ခြောက်မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ခ၊ ဂ၊ဃ) ပါ အကြောင်းအရာများအပေါ်အခြေခံ၍ မိမိကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ် ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင် ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများကို အရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး လူထုအားကစားနှင့်ပညာပေးဌာနခွဲ အားကစားနှင့်ကာယပညာဦးစီးဌာန နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5-1)သို့လိပ်မူ၍ Soft Copy တစ်ချပ်၊ Hard Copy တစ်စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ် မိတ္တူမှန် တစ်စောင်၊ ကိုယ်တိုင်ရေးသား၊ ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တစ်ပါတည်း ပူးတွဲပေးပို့ကြရန်ဖြစ်ပါသည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်းနှင့် နှစ်သိမ့်ဆုငွေကျပ် ငါးသိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများကို နေ့စဉ်ထုတ်သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၄၂၀၇၀၄၆၂၄၊ ၀၉-၈၇၉၆၉၈၀၂၂၊ ၀၉-၂၅၆၄၈၉၉၂၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။



မြဝတီမြို့အတွင်း ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



မြဝတီမြို့အတွင်း တရားမဝင် အွန်လိုင်းလောင်းကစားဝင်းအတွင်း ထိန်းသိမ်းထားသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

**စာမျက်နှာ ၂၃ မှအဆက်**

စုစုပေါင်း ရှစ်လုံးတို့ကို စစ်ဆေးတွေ့ရှိခဲ့ရပြီး ပြန်လည်အသုံးချမှုမရှိစေရေးအတွက် သုံးထပ်အဆောက်အအုံ တစ်လုံးကို ယနေ့တွင်စတင်၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၄ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၁၂၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၇၀၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## အင်ဒိုနီးရှားနိုင်ငံ ဆူမတြားဒေသတွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၇၅၃ ဦးရှိကာ ၅၀၄ ဦး ပျောက်ဆုံးနေ



ဂျကာတာ ဒီဇင်ဘာ ၄

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားဒေသတွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူဦးရေသည် ယနေ့တွင် ၇၅၃ ဦးထိ မြင့်တက်ကာ ၅၀၄ ဦး ပျောက်ဆုံးနေကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီ(BNPB)၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုတစ်ပတ်တွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုနှင့် အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းများကြောင့် အင်ဒိုနီးရှားနိုင်ငံအတွင်း သေဆုံးသူ အရေအတွက်သည် တစ်နေ့တခြား တိုးလာလျက်ရှိပြီး နိုင်ငံအတွင်း ပြည်သူ ၃ ဒသမ ၂ သန်းခန့် ထိခိုက်ခံစားခဲ့ရပြီး ထိခိုက်ဒဏ်ရာရသူဦးရေ ၂၆၀၀ ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့များက ရေဘေးသင့်ဒေသများမှ ဒေသခံ တစ်သန်းကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ရေဘေးသင့် ဒေသများတွင်လည်း ကယ်ဆယ်ရေး အဖွဲ့များက အသက်ရှင် ကျန်ရစ်သူများကို အချိန်မီ ကယ်ဆယ်နိုင်ရေး အပြင်းအထန် ကြိုးစားနေကြသော်လည်း ရေကြီးရေလျှံမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများကြောင့် လမ်းများပိတ်ဆို့ခြင်း၊ တံတားများကျိုးကျခြင်း အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ရေဘေးကို အဆိုးရွားဆုံး ထိခိုက်ခံစားခဲ့ရသည့် ဒေသများထဲမှတစ်ခုဖြစ်သော အာချေးတွင် ဆန်၊ ဟင်းသီးဟင်းရွက်နှင့် အခြားအရေးကြီးပစ္စည်းများ ပြတ်လပ်လုနီးပါး ဖြစ်နေကြောင်း၊ ထို့ကြောင့် Islamic Relief အဖွဲ့အစည်းက အရေးပေါ်စားနပ်ရိက္ခာ အကူအညီ ၁၂ တန် ပေးပို့ထားကြောင်း၊ အင်ဒိုနီးရှားအစိုးရပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်မူဟာရီက အာချေးအပြင် မြောက်ဆူမတြားနှင့် အနောက်ဆူမတြားပြည်နယ်များသို့ ဆန်တန်ချိန် ၃၄၀၀၀ နှင့် စားသုံးဆီလီတာ ၆ ဒသမ ၈ သန်း ပေးပို့ရန် စီစဉ်နေကြောင်း ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

## အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် နှင်းများထူထပ်စွာကျနိုင်သဖြင့် နှင်းမုန်တိုင်းသတိပေးချက်ထုတ်ပြန်ထား

ဝါရှင်တန် ဒီဇင်ဘာ ၄

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် နှင်းများထူထပ်စွာထပ်မံကျဆင်းနိုင်သဖြင့် နှင်းမုန်တိုင်း သတိပေးချက် ထုတ်ပြန်ထားကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းတွင်ရှိသော အက်ပလာချီယန် တောင်တန်းနှင့် အရှေ့မြောက်ပိုင်းရှိဒေသတချို့တို့တွင် ဒီဇင်ဘာ ၂ ရက်က နှင်းမုန်တိုင်းကြောင့် နှင်းများစတင်ကျဆင်းနေပြီး ထူထပ်စွာကျဆင်းနိုင်ဖွယ်ရှိသဖြင့် အာဏာပိုင်များက ဒေသခံလူဦးရေ သန်း ၅၀ ကျော်ကို နှင်းမုန်တိုင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ပန်ဆယ်ဗေးနီးယားပြည်နယ်၊ အိုဟိုင်းရိုးပြည်နယ်၊ နယူးယောက်မြို့နှင့် နယူးအင်္ဂလန်မြို့တို့တွင် ဒီဇင်ဘာ ၂ ရက်က နှင်းကျဆင်းမှုသည် သုံးလက်မမှ ငါးလက်မထိရှိကြောင်း၊ နှင်းကျဆင်းမှုသည် ဒီဇင်ဘာ ၃ ရက်တွင်လည်း ဆက်လက်ကျဆင်းနေကြောင်း၊ နှင်းမုန်တိုင်းအရှိန်ကြောင့် ကျောင်းများကိုပိတ်ထားရကြောင်း သိရသည်။

နှင်းမုန်တိုင်း သတိပေးချက်အရ ပန်ဆယ်ဗေးနီးယားပြည်နယ်၊ အိုဟိုင်းရိုးပြည်နယ်၊ နယူးယောက်မြို့နှင့် နယူးအင်္ဂလန်မြို့တို့တွင် နှင်းမုန်တိုင်းကြောင့် နှင်းကျဆင်းမှုသည် တစ်ပေအမြင့်ထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ အမျိုးသားရာသီဥတုဝန်ဆောင်မှု၏ ရာသီဥတုခန့်မှန်းရေးစင်တာမှ မိုးလေဝသခန့်မှန်းရေးမှူး အက်ရှ်တန်ရော်ဘင်ဆန်ကွတ်ခ်ျ က ပြောကြားခဲ့သည်။

နှင်းမုန်တိုင်းသည် ပြင်းထန်နိုင်သဖြင့် လမ်းများပေါ်သို့ မလိုအပ်ပါကမထွက်ရန်၊ ယာဉ်မတော်တဆမှုများမဖြစ်စေရေး သတိပြုမောင်းနှင်ကြရန် ပြည်နယ်အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## အင်္ဂလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူနေအိမ်ခြေ ၄ ဒသမ ၆ သန်းထိ ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရ



လန်ဒန် ဒီဇင်ဘာ ၄

အင်္ဂလန်နိုင်ငံတစ်ဝန်းမိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူနေအိမ်ခြေ ၄ ဒသမ ၆ သန်းထိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA) က ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

EA က အင်္ဂလန်နိုင်ငံတစ်ဝန်း တစ်နှစ်တာအတွင်း ဖြစ်ပေါ်ခဲ့သော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော လူနေအိမ်ခြေများကို စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် အခြေခံ အဆောက်အအုံတချို့လည်း ရေလွှမ်းခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏ မြင့်မားခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုပမာဏကို စိစစ်နေဆဲဖြစ်ပြီး နှစ်မကုန်မီပျက်စီးဆုံးရှုံးမှုပမာဏကို အတည်ပြုထုတ်ပြန်သွားမည်ဖြစ်ကြောင်း EA က ထုတ်ပြန်ခဲ့သည်။

"၂၀၂၅ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံတစ်ဝန်းဖြစ်ပေါ်ခဲ့တဲ့ ရေကြီးရေလျှံမှုဟာ အခြားနှစ်တွေကထက် အခြေအနေပိုဆိုးခဲ့ပါတယ်။ အထူးသဖြင့် လန်ဒန်မြို့မှာရေဘေးဒဏ်ခံခဲ့ရတဲ့ လူနေအိမ်ခြေပိုများခဲ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရေဘေးဒဏ်သင့်ခဲ့တဲ့ လူနေအိမ်ခြေ ၄ ဒသမ ၆ သန်းထိရှိခဲ့ပါတယ်"ဟု သဘာဝပတ်ဝန်းကျင် အေဂျင်စီ(EA)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုပမာဏကို စစ်တမ်းကောက်ယူခဲ့ခြင်းမှာ ရာသီဥတုလွှန်ကဲမှုကို မြင်သာစေရန်အတွက် ရည်ရွယ်၍ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုနှုန်း မြင့်မားနေကြောင်း IMD က သတိပေးချက်ထုတ်ပြန်

နယူးဒေလီ ဒီဇင်ဘာ ၄

အိန္ဒိယနိုင်ငံတွင် ၂၀၂၅ ခုနှစ် နွေရာသီကာလမှစတင်၍ အပူလှိုင်းဖြတ်သန်းမှု ဖြစ်ပေါ်နေပြီး အပူလှိုင်းဖြတ်သန်းမှုမှာ လက်ရှိအချိန်ထိ မြင့်တက်နေဆဲဖြစ်ကြောင်း အိန္ဒိယမိုးလေဝသ ဦးစီးဌာန(IMD) က ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းမှုကို နှစ်စဉ် သုတေသနပြုလုပ်ခြင်း၊ စစ်တမ်း ကောက်ယူခြင်းများကို ဆောင်ရွက်ကာ မှတ်တမ်းတင်ထားရှိမှုများ ဆောင်ရွက်နေကြောင်း၊ သုတေသနရလဒ်များအရ အပူလှိုင်းဖြတ်သန်းမှုကြောင့် ကိုယ်ဝန်ဆောင်မိခင်အများစုမှာ အပူချိန် မြင့်တက်မှုနှင့်ဆက်စပ်သည့် ရောဂါဝေဒနာများ ခံစားနေရကြောင်းလည်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"၂၀၂၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံမှာ အပူလှိုင်းဖြတ်သန်းမှုနှုန်း မြင့်မားခဲ့ပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်တွေ မြင့်တက်နေပါတယ်။ လက်ရှိအချိန်ထိ အပူချိန်မြင့်တက်နေဆဲဖြစ်ပြီးတော့ အပူချိန်မြင့်တက်မှုပမာဏတွေကိုလဲ စစ်တမ်းကောက်ယူတာတွေ မှတ်တမ်းထားရှိတာတွေ ဆောင်ရွက်နေပါတယ်။ အပူချိန်မြင့်တက်မှုကြောင့်လည်း ကိုယ်ဝန်ဆောင်မိခင်တွေဟာ ကျန်းမာရေးစောင့်ရှောက်မှုစင်တာတွေမှာ မီးဖွားခြင်းထက် နေအိမ်တွေမှာပဲ မီးဖွားတာကို ပိုမိုလုပ်ဆောင်လာတာ တွေ့ရတယ်။ ကျန်းမာရေးစောင့်ရှောက်မှုစင်တာတွေမှာ အပူချိန်မြင့်တက်မှုနဲ့ပတ်သက်ပြီး တားဆီးကာကွယ်ပေးတဲ့ အထောက်အကူပြုပစ္စည်းတွေလုံလုံလောက်လောက် တပ်ဆင်ထားခြင်း မရှိတဲ့အတွက်ကြောင့် အခုလို နေအိမ်တွေမှာပဲ မီးဖွားမှုနှုန်း မြင့်တက်လာခြင်းဖြစ်ပါတယ်"ဟု အိန္ဒိယမိုးလေဝသ ဦးစီးဌာနက (IMD) မှ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## သီရိလင်္ကာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အာရပ်စော်ဘွားများပြည်ထောင်စုက ပံ့ပိုးပစ္စည်းများ ပေးပို့လှူဒါန်း

ကိုလံဘို ဒီဇင်ဘာ ၄

သီရိလင်္ကာနိုင်ငံတွင် ပြီးခဲ့သော ရက်သတ္တပတ်က ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုနှင့် ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အာရပ်စော်ဘွားများပြည်ထောင်စုက ဒီဇင်ဘာ ၃ ရက်တွင် ပံ့ပိုးပစ္စည်းများပေးပို့ခဲ့ကြောင်း UAE Aid Agency က ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီပေးခြင်းကို UAE Aid Agency အပြင် Emirates Red Crescent Authority နှင့် Abu Dhabi Civil Defence အဖွဲ့အစည်းတို့ကလည်း ပူးပေါင်းပါဝင်ခဲ့ကြောင်း၊ ပေးပို့လှူဒါန်းခဲ့သော ပံ့ပိုးပစ္စည်းပမာဏမှာ တန်ချိန် ၂၀ ထိရှိကြောင်း သိရသည်။

"သီရိလင်္ကာနိုင်ငံက သဘာဝဘေးဒဏ်သင့်ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကိုဆောင်ရွက်ရာမှာ တတ်နိုင်သလောက် ကူညီပံ့ပိုးပေးသွားပါမယ်။ အခုလောလောဆယ်တော့ သဘာဝဘေးဒဏ်သင့်ပြည်သူတွေအတွက် ပံ့ပိုးပစ္စည်းတွေ ပေးပို့လှူဒါန်းခဲ့ပါတယ်။ Emirates Red Crescent Authority၊ Abu Dhabi Civil Defence အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပံ့ပိုးပစ္စည်းတန်ချိန် ၂၀ ထိ ပေးပို့လှူဒါန်းခဲ့ပါတယ်"ဟု UAE Aid Agency မှ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ တာရက်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# သေဖို့အသင့်ဖြစ်နေတဲ့လူ

ဆုးသစ်

တစ်လောက ကျွန်တော်ကျန်းမာရေးနည်းနည်း ချူချာခဲ့သည်။ ထိုကျန်းမာရေး ချူချာမှုနှင့်အတူ အတွေးများလည်း ပေါင်းစုံဝင်ခဲ့သည်။ လူတစ်ယောက်သေဖို့ အချိန်အကန့်အသတ်မရှိပါလား ဆိုသော အတွေးမျိုးက ထိပ်ဆုံးမှပါသည်။ ကိုးတန်းလောက်ကတည်းက မိုးကုတ်ဝိပဿနာနှင့် ရင်းနှီးခဲ့ရသော ကျွန်တော့်အတွက် သေခြင်းကို သိပ့်မထူးဆန်းဟု လက်ခံနိုင်သော်လည်း လက်မခံနိုင်သည်က အချိန်ကို ဖြစ်သည်။

အမှန်အတိုင်းဝန်ခံရလျှင် စောစောသေရမည်ကို ကျွန်တော်ကြောက်သည်။ သေရမည်ကို သိပြီးဖြစ်၍ သိပ်မတုန်လှုပ်ဘူးထင်သော်လည်း စိတ်ထဲတွင် ငါမသေနိုင်သေးပါဘူးဟု မသေချင်သည့်စိတ်က လွှမ်းမိုးကာ သေရမည်ကိုကြောက်နေသည်။ ဝိပဿနာတရားလိုက်စားမှုအားနည်း၍ သည်လိုဖြစ်ရသည်ဟု နားလည်သည်။

ထိုသို့သေခြင်းကို ကြောက်ခြင်း၊ မကြောက်ခြင်းကို အခြားသူများက မည်သည်နှင့်တိုင်းတာသည်မသိ။ ကျွန်တော်ကတော့ ကိုယ်တိုင်ပြင်းပြင်းထန်ထန်နာမကျန်းဖြစ်မှ ပို၍သဘောပေါက်လာသည်။

ကျွန်တော် အသက် ၃၀ ပြည့်ခါနီးပါပြီ။ နေမည်ဆိုလျှင် နှစ်များစွာ နေနိုင်ပါသေးသည်။ ယခု လူ့သက်တမ်းအရ အနည်းဆုံး ၆၀ ကျော်ထိတော့ နေခွင့်ရှိသည်မဟုတ်လား။ သို့သော် ယခု ကျွန်တော်သေမလိုဖြစ်သောအခါတွင်တော့ ရှေ့နှစ်များဆိုသည်မှာ မကျိန်းသေတော့ဘဲ မနက်ဖြန်သည်ရှင်သန်ခွင့်မရရောဟု တွေးမိလာသည်။ သည်လိုအတွေးများ ထပ်လာသောအခါ "သြော် . . . ငါများခုနေသေသွားရင် ဘာတွေလုပ်ဖို့ ကျန်သေးလဲ" ဟူသောအတွေးက ချက်ချင်းဝင်လာ၏။ "ဘာလုပ်ဖို့ကျန်သေးလဲတွေးရင်း "ဘာတွေလုပ်ခဲ့ပြီးပြီလဲ" ဆိုသောအတွေးက ဆက်ဝင်၏။

နှစ် ၃၀ အတွင်း ရှင်သန်ခြင်းအထမြောက်ခဲ့သော်လည်း တကယ်လူရာဝင်ခဲ့ပါရဲ့လားတွေး၏။ ပထမဦးဆုံး ကျွန်တော်ရှင်သန်ရပ်တည်နေရသော မိသားစုထဲတွင် ကျွန်တော်ဘာတွေဖြည့်ဆည်း၍ ပေးဆပ်ပြီးပြီလဲဆိုသည်ကို စဉ်းစား၏။ မိဘနှစ်ပါးပေးသော ပညာအမွေကျွန်တော်ရပြီးပြီဖြစ်သည်။ လူ့လောကထဲတွင် အနည်းဆုံး ထမင်းမငတ်နိုင်တော့ပေ။ ကျွန်တော်ရသမျှ ယူခဲ့သော်လည်း ကျွန်တော့်ပေးဆပ်မှုက နည်းနေသေးသည်ဟုထင်သည်။

ကျောင်းတက်သည်။ ပညာရှာခဲ့သည်။ ပြည်သူ့ဝန်ထမ်းလုပ်သည်။ မိဘနှင့်နေသူဖြစ်၍ လစာမှန်မှန်အပ်သည်။ တချို့လများမအပ်နိုင်။ အသုံးထက်အဖြုန်းများခဲ့၍ လစာလေးပွန်းသွားသည်။ ငွေရှာ၍မိဘကို အပ်ခြင်းကမဖြစ် စလောက်မို့ ဤသည်ကို သိတတ်မှုဟု ကျွန်တော်မထင်။

သည်ကြားထဲ ငယ်ငယ်ကတည်းက မိဘကို စိတ်အလိုမကျဖြစ်သလိုမျိုး ခံစားရမှုက ခဏခဏ။ ကိုယ့်ဘာသာ အကုသိုလ်ပွားနေသလိုပင်။ အရွယ်ရောက်တော့ အမှန်သိလာ၍ ဒါမျိုးမရှိတော့ တစ်ယောက်တည်းကျိတ်၍ ကျေနပ်ရသည်။ ရုံဖန်ရုံခါလွဲမှားစွာ မာနထားသည့်အခါလည်း အမြန်ပြင်နိုင်ခဲ့၏။ ထိုအရာများကရော မိဘကို သိတတ်မှုပဲလား။ မဟုတ်နိုင်။

ပတ်ဝန်းကျင်က ကျွန်တော့်ကို လိမ္မာသည်ဟု မြင်လာသည်ထိ ဆေးလိပ်၊ အရက်၊ မိန်းမ၊ လောင်းကစား၊ မကောင်းတာမှန်သမျှ ဘာမျှမလုပ်ခဲ့ခြင်း၊ ပညာရေးနှင့်ပတ်သက်၍ မိဘများကျွန်တော့်ကြောင့် ဂုဏ်တက်ခဲ့ရခြင်းများကတော့ ကျွန်တော့်မိဘများအတွက် ပေးစွမ်းနိုင်သမျှ အနည်းငယ်ပင်ထင်သည်။

ကျွန်တော့်မွေးချင်းများနှင့် ပတ်သက်၍ ထူးထူးထွေထွေပေးဆပ်မှုမရှိခဲ့ပေ။ အားလုံးကလည်း ကိုယ့်ပညာနှင့်ကိုယ်မို့ ကျွန်တော်ကလည်း ပေးဆပ်စရာမလို။ အားလုံးကိုယ့်ထူးကိုယ်ချွန်သာသွားရမည်မို့ လိုအပ်ချိန်တိုင်းတွင် မွေးချင်းတစ်ယောက်အနေဖြင့်အသင့်ဖြစ်နေချင်ခဲ့သည်မှာ ကျွန်တော့်ဆန္ဒအမှန်ပင်။

သည်တော့ မိသားစုအနေဖြင့် ကြည့်လျှင် ကျွန်တော့်ဘက်က ပေးဆပ်စရာ၊ ဖြည့်ဆည်းစရာများ ကျန်သေးသည်ဟုယူဆပါသည်။ ကျွန်တော့်ဘက်က လုပ်ပေးချင်သမျှ အတိုင်းအတာကို ချိန်ဆကြည့်ပြီး အရွယ်ကစွမ်းနိုင်သမျှကာလထဲတွင် ဖြစ်သွားခဲ့လျှင် အကြောင်းမဟုတ်သော်လည်း သေခြင်းဆိုသည်သာ ရုတ်တရက်ရောက်လာခဲ့လျှင် ကျွန်တော်မျှော်လင့်သမျှသွားပေပြီ။

လူငယ်တစ်ယောက်အနေဖြင့် ကျွန်တော်စွမ်းနိုင်ဆင်ခြင်သိရှိခဲ့မှုများကို ကျွန်တော်ဝါသနာပါရာ စာပေထဲတွင် ကျွန်တော်ရရှိထားသော ဗဟုသုတဖြင့် ပေါင်းကာ လူသားများစွာကို ရည်ရွယ်၍ အကြံပြုဆောင်းပါးများစွာကို ရေးဖြစ်ခဲ့သည်။ အားလုံးဖော်ပြခွင့်ရခဲ့ရာ လူငယ်အားလုံးမဟုတ်တောင် ကျွန်တော်လက်လှမ်းမမီသောနေရာမှ လူငယ်တချို့အပါအဝင် လူကြီးတချို့ပါ စိတ်ဝင်စားလက်ခံခဲ့ကြသည်ဟုသိရ၍ ကျွန်တော်စွမ်းနိုင်သမျှ တချို့အစိတ်အပိုင်းများ ပေးဆပ်နိုင်ခဲ့ပြီဟုထင်သည်။

သို့သော် ကျွန်တော်မကျေနပ်နိုင်ပေ။ နှစ်၃၀ နေရခြင်းဖြင့် ကျွန်တော်ပေးစွမ်းနိုင်သမျှ မိသားစု၊ ပတ်ဝန်းကျင်၊ လူမှုလောကကို ပေးစွမ်းနေခြင်းမှာ ခရီးတစ်ခုရောက်ခဲ့ပြီဟု ထင်စရာရှိသော်လည်း

❖ လူငယ်တစ်ယောက်အနေဖြင့် အရက်သောက်၊ လောင်းကစားလုပ်၊ မိန်းမလိုက်စား၊ ခပ်ပေါ့ပေါ့နေ၊ ဘာမျှမစဉ်းစား၊ ဘယ်သူမျှမကြည့်လျှင် လူ့လောကကြီးကလည်း ထိုလူငယ်ကို ကြည့်မနေပေ။ ကြည့်မနေ၍ မမြင်ရသလိုဖြစ်သောအခါ ကြာသော် ထိုလူငယ်လူ့လောကထဲက ပျောက်သွားတတ်သည်။ ပျောက်သွားအောင်လည်း လူ့လောကကြီးကပင် တာဝန်ယူသည်။ ရောဂါပေါင်းစုံ ရေပန်းစားနေသော သည်ဘက်ခေတ်တွင် လူငယ်များသေဖို့အသင့်မဖြစ်ခင်မှာ အချိန်မရွေးသေသွားနိုင်သည်ကို သိစေချင်သည်။ ကျွန်တော်ကတော့ လူငယ်များ သေဖို့အသင့်မဖြစ်ခင်မှာ မသေစေချင်ပေ။ ❖

သမျှ ပတ်ဝန်းကျင်အတွက် ဘာတွေလုပ်ပြီးပြီလဲဟု ဆက်၍တွေးမိသည်။ ငယ်စဉ်တုန်းက ရပ်ကွက်ထဲတွင် သာရေးနာရေးရှိလျှင် ကူညီရမှန်းမသိခဲ့။ သူ့နေရာနှင့်သူ ပြီးနေသောကိစ္စများဖြစ်သည်ဟု ထင်ပြီး တော်တော်များများကလည်း ကလေးမို့ လူရာမသွင်း။ နောက်ပိုင်း တက္ကသိုလ်တက်သည့်အရွယ်ရောက်တော့ အိမ်ပြောင်းခဲ့ရသည်။ ကိုယ့်လမ်းကလေးကောင်းရန် မိုးထဲရေထဲတွင် ကျောက်ခဲများရှာ၊ လမ်းများဖို့နှင့် နေ့ရက်များကူးသွားသည့်ကာလအတွင်း ထိုလမ်းပေါ်တွင် လူများလျှောက်နေသောအခါ ကြည်နူးလိုက်ရသည့်ဖြစ်ခြင်း။ နောင်နှစ်ပေါင်းများစွာတိုင် ကျွန်တော်တို့အားလုံးကိုယ့်လုပ်ရပ်အတွက် ကိုယ်ကြည်နူးနေနိုင်မှုအဖြစ် ထိုလမ်းကလေးကသက်သေ။ လမ်းကလေးသာမဟုတ်။ အိမ်နားက နာရေးတချို့တွင် ကူညီခဲ့ရခြင်းက ကျွန်တော်၏ ပတ်ဝန်းကျင်အတွက် ပေးဆပ်မှုအနည်းငယ်ပင်။ သို့သော် လမ်းပြင်ရုံ၊ နာရေးကူညီရုံနှင့် ကျွန်တော့်ပတ်ဝန်းကျင်အတွက် တတ်နိုင်သမျှ စွမ်းဆောင်မှုများပြီးပြီဟု မထင်ခဲ့ပေ။ ရှေ့လျှောက်သည်ထက်ပိုလုပ်နိုင်သမျှ လုပ်ရဦးမည်ဟု စိတ်ပိုင်းဖြတ်မိသည်။

မိသားစု၊ ပတ်ဝန်းကျင်၊ ပြီးတော့ ကျွန်တော်နေထိုင်ရာ လူ့လောကကြီးအတွက်ရော ဘာတွေလုပ်ပြီးပြီလဲတွေးမိသည်။ တကယ်တမ်း လူအများအတွက် စွမ်းဆောင်ရသည်မှာ စွမ်းဆောင်နိုင်ခွင့်ရှိမှ၊ ပြီးတော့ စွမ်းဆောင်နိုင်မှုဖြစ်သည်။ ထိုအချက်နှင့်ပတ်သက်၍ ကျွန်တော့်မှာ ကံကောင်းခြင်းတစ်ခုရှိပါသည်။

စာရေးမည်ဟု စတင်ခဲ့စဉ်က အချစ်ကဗျာ၊ အချစ်ဝတ္ထုများနှင့် စတင်ခဲ့သော ကျွန်တော်သည် ဘဝ၏ဖြတ်သန်းရာခရီးများထဲမှ အတွေ့အကြုံများ၊ ဖတ်ခဲ့သမျှစာများထဲမှ တွေးတော၍ ရမှုများ၊ ကျွန်တော်လုပ်ချင်သလောက် မပေါက်မြောက်ခဲ့သေးပေ။ ကျွန်တော်သည် စာပေနှင့်တစ်မျိုး၊ လူကိုယ်တိုင်တစ်သွယ် ပေးစွမ်းနိုင်သမျှပေးစွမ်းနေ၍ ကျေနပ်နေလျှင် နေ၍ရသော်လည်း ကျွန်တော်မကျေနပ်နိုင်ပေ။

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဗဝတ) တက်စဉ်က ဘုရားသန့်ရှင်းရေး၊ အဆောင်သန့်ရှင်းရေးဆိုသည်ကို တာဝန်နှင့်မလုပ်။ စေတနာနှင့် လုပ်ခဲ့ဖူးသည်။ ထိုစေတနာအကျိုးကြောင့်ထင်သည်။ ကျွန်တော်သင်တန်းသား ပထမဆု (တစ်နည်းအားဖြင့်) စာပေပထမဆုရခဲ့သည်။

ကျွန်တော်နေထိုင်ရာ ပတ်ဝန်းကျင်ကို သည်မျှပေးစွမ်းရုံနှင့် သည်လိုဆုမျိုးရသည်လား။ တကယ်တော့ စာမေးပွဲဖြေသောအမှတ်များပါ ထည့်ပေါင်းပါသည်။ သို့သော် ကျွန်တော်ကတော့ စာများရ၍မဟုတ်။ ကျွန်တော့်စေတနာမှန်၍ဟု ယုံကြည်၏။ သင်တန်းဆင်းပွဲလေ့ကျင့်နေစဉ် ဓားကိုင်တာဝန်ကျ၍ ရှေ့ကအော်ရပြီး ပင်ပန်းကာ အိမ်ပြန်ခါနီး သူငယ်ချင်းတစ်ယောက် ဖိုက်နာ၍ ဆေးရုံပို့ခဲ့ရသည်။ အပြန်ထမင်းစားနောက်ကျ၍ ည ၇ နာရီ တန်းမစီနိုင်ခဲ့။ တစ်ဖက်က ကိုယ်ကူညီ၍သူ့ရောဂါသက်သာသွားပြီး ဝမ်းသာရမှုက ကိုယ့်ကိုစည်းကမ်းပျက်သည်ဟုဆိုကာ အမှတ်လျှော့မည်ကို တွေးကြောက်စိတ်ထက်ပိုလာသောအခါ ကိုယ့်ဘာသာ ကျေနပ်မိ၏။ "စံပြသင်တန်းသား"ဆုနှင့် လွဲခဲ့ရ၍ စိတ်မကောင်းဖြစ်ခဲ့ရသော်ငြား ဗဟိုဝန်ထမ်းတက္ကသိုလ်တက်နေစဉ် ကာလတစ်လျှောက် ကျွန်တော်နေထိုင်ရာ အသိုင်းအဝိုင်းအတွက် ကောင်းစွာပေးဆပ်ခဲ့သည်ကို ကိုယ့်ဘာသာသိ၍ ဆုရမရထက် ထိုပေးဆပ်မှုအပေါ် တော်တော်လေး ကြည်နူးကျေနပ်ခဲ့သည်။

သင်တန်းသားပထမဆုသည် ကျွန်တော့် စေတနာအတွက် အသိအမှတ်ပြုသည်ဟုခံယူ၏။ ကျွန်တော်ရခဲ့သောဆုက ကျွန်တော့်ကို အားပေးခြင်းဖြစ်ရာ မိသားစု၊ ပတ်ဝန်းကျင်လူ့လောကတွင် ကျင်လည်နေသရွေ့ ကျွန်တော်မမြင်နိုင်သော ဆုလာဘ်များ ရလိမ့်ဦးမည်ထင်မိသည်။ ထိုဆုများကြောင့် ကျွန်တော်တကယ်ရသည်ကလည်း ပစ္စည်းများမဟုတ်ပေ။ ပီတိများသာဖြစ်သည်။ ထိုပီတိက ကျွန်တော့်ဘဝအေးချမ်းခဲ့သည်။ သို့သော် ကျွန်တော့်ဘက်က ပေးစွမ်းနိုင်သမျှ အကုန်လားဆိုတော့ မဟုတ်သေးပေ။ ကျွန်တော်သည်ထက် စွမ်းနိုင်သည်ဟုထင်ပြီး သည်ထက်မကသော ပီတိများလည်း ကျွန်တော်ရနိုင်သေးသည် ထင်ပါသည်။ သို့သော် ကျွန်တော် ပီတိကို မျှော်လင့်ပြီးမလုပ်ခဲ့ပေ။ ကျွန်တော်လုပ်ချင်သည့်အရာ လုပ်နိုင်သမျှကို လုပ်နေခြင်းပင်။ သည်တော့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်သည်။ "ငါသေဖို့အချိန် ရောက်သွားပြီလား" ဟု။ အရွယ်အရ ၃၀ ဆိုသည်မှာ အထက်တုန်းကဆိုခဲ့သလို နေနိုင်သည့်နှစ်များစွာရှိပါသေးသည်။ သို့သော် လူ့လောကက သည်မျှသာ လက်ခံသည်ဆိုလျှင်လည်း ကျွန်တော်မတတ်နိုင်။ ထိုအချိန်မျိုးအတွက် ကျွန်တော်သေဖို့အသင့်ဖြစ်ချင်ခဲ့သည်။ သို့သော် မိသားစု၊ ပတ်ဝန်းကျင်၊ လူ့လောကအတွက် တတ်နိုင်သမျှ ပေးစွမ်းရန် ကျွန်တော်လုပ်ချင်သည်များ များစွာကျန်ပါသေးသည်။ ထို့ကြောင့် သေဖို့အသင့်မဖြစ်သေးဟုသာ ဆိုရပါတော့မည်။

အထက်က ကျွန်တော်တင်ပြခဲ့သမျှသည် ကိုယ်ရည်ကိုယ်သွေးပြခဲ့ခြင်း မဟုတ်ပါဟု ရိုးသားစွာဝန်ခံချင်ပါသည်။ သေဖို့အသင့်ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ် ချိန်ထိုးတတ်ရန် ကျွန်တော့်ကိုယ်ကျွန်တော် သာဓကပြခဲ့ခြင်းသာဖြစ်ပါသည်။ လူငယ်တစ်ယောက်အနေဖြင့် အရက်သောက်၊ လောင်းကစားလုပ်၊ မိန်းမလိုက်စား၊ ခပ်ပေါ့ပေါ့နေ၊ ဘာမျှမစဉ်းစား၊ ဘယ်သူမျှမကြည့်လျှင် လူ့လောကကြီးကလည်း ထိုလူငယ်ကို ကြည့်မနေပေ။ ကြည့်မနေ၍ မမြင်ရသလိုဖြစ်သောအခါ ကြာသော် ထိုလူငယ်လူ့လောကထဲက ပျောက်သွားတတ်သည်။ ပျောက်သွားအောင်လည်း လူ့လောကကြီးကပင် တာဝန်ယူသည်။ ရောဂါပေါင်းစုံ ရေပန်းစားနေသော သည်ဘက်ခေတ်တွင် လူငယ်များ သေဖို့အသင့်မဖြစ်ခင်မှာ အချိန်မရွေး သေသွားနိုင်သည်ကို သိစေချင်သည်။

ကျွန်တော်ကတော့ လူငယ်များ သေဖို့အသင့်မဖြစ်ခင်မှာ မသေစေချင်ပေ။ သေချိန်မတန်သေးဘဲ သေလျှင်တောင် မသေခင်မှာ တတ်နိုင်သမျှ ပေးစွမ်းခဲ့ပါက ထိုလူငယ်အတွက် မဆိုးလှပေ။ သေဖို့အသင့်မဖြစ်သော်လည်း အသင့်ဖြစ်တော့မည့် အဆင့်မှာရှိ၍ သေသွားလျှင်လည်း တန်ပါသည်ဟုဆိုရပေမည်။ သေဖို့အသင့်ဖြစ်သူများမှာ တန်ဖိုးရှိသူများဖြစ်၍ သေချိန်သည် တန်ဖိုးရှိရှိ ပြီးဆုံးပေလိမ့်မည်။ ထိုသူမျိုးကို တန်ဖိုးရှိရှိသေသူများဟု ကျွန်တော်တို့ လူ့လောကက သတ်မှတ်ပါသည်။

လူငယ်များကို ဆင်ခြင်စေချင်ပါသည်။ တန်ဖိုးရှိစွာသေခြင်းနှင့် တန်ဖိုးမဲ့စွာသေခြင်းမှာ မည်သည်က မြတ်ပါသနည်း။ မိမိရောက်နေသော အသက်အရွယ်မှာပင် ရုတ်တရက်သေဆုံးသွားသော် သေဖို့အသင့်ဖြစ်ပါပြီလား တွေးကြည့်ပါ။ မိမိရှေ့က သေဖို့အသင့်ဖြစ်နေသူများနှင့် အသင့်မဖြစ်ခင်မှာ သေသွားရသူများကို မြင်ကာဆင်ခြင်နိုင်မည်ဆိုပါက သေဖို့အသင့်ဖြစ်ရန် ကြိုးစားနေသော လူငယ်များကို မြင်လာရမည်ဖြစ်သကဲ့သို့ သေဖို့အသင့်ဖြစ်နေသူများစွာကိုလည်း နောင်အနာဂတ်တွင် ကျွန်တော်တို့ မြန်မာနိုင်ငံ၌ မြင်တွေ့လာရလိမ့်မည်ဟု ကျွန်တော်ယုံကြည်မျှော်လင့်မိပါသည်။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၉၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၁၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ၃၉၉၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၁၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ် ရွှေဘိုရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥယျာဉ်ကျစ်ကျေးရွာအုပ်စု ရွှေဘိုရွာသစ်ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၈ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေဘိုရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၈ ဦးကို ရန်ပုံငွေကျပ် ၅၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့ထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကျောက်ဆည်မြို့နယ် ဇလဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ကျောက်ဆည် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဇလဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဇလဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းကို သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဇလဲကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေ ပြည်သူထည့်ငွေကျပ် ၄၂ သိန်း စုစုပေါင်းငွေကျပ် ၁၉၂ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သူသူ**



# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး ဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး ဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသင်းက ပြောပြသည်။



အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး ဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး ဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်က ဖီးကြမ်းငှက်ပျောသီးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ နိုဝင်ဘာလအတွင်း အိမ်မဲမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖီးကြမ်းငှက်သီးဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်သီးနှံတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ"ဟု အိမ်မဲမြို့နယ် ငှက်ပျောသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသင်းက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီး ဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာ၌ ကျောက်ရောမြေနီလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပေါက်ခေါင်း ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျောက်ရော မြေနီလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက လေးကြီးကျေးရွာ၌ ကျောက်ရေမြေနီလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျောက်ရောမြေနီလမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၂၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ရောမြေနီလမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိသော ထုတ်ကုန် ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းထံမှ သိရသည်။

**သုတ**

# ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ကော်ဖီ ခိုင်မာစွာရပ်တည်နိုင်ရေး

**နေလင်းသူ**

ကော်ဖီ၏ မူရင်းဒေသမှာ အီသီယိုးပီးယားနိုင်ငံ Kaffa နယ် Bunna ဒေသဖြစ်ပြီး ၁၃ ရာစုနှစ်တွင် ဆိတ်ကျောင်းသား Kaldi ဆိုသူက စတင်တွေ့ရှိခဲ့သည်။ ထို့မှတစ်ဆင့် အီဂျစ်၊ ယီမင်၊ အီရန်၊ တူကီယဲ၊ ဥရောပ၊ အင်ဒိုနီးရှားနှင့် အမေရိကန် စသည့်ဒေသများသို့ ပျံ့နှံ့ရောက်ရှိသွားသည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးရေးကို ၁၈၈၅ ခုနှစ်တွင် ပြင်ဦးလွင်၌စတင်ခဲ့သည်။ ကိုလိုနီအစိုးရသည် နိုင်ငံခြားဝင်ငွေရရှိစေမည့် စီးပွားဖြစ်ကောက်ပဲသီးနှံအဖြစ်ကြိုးပမ်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုအားနည်းခြင်းနှင့် ဒေသခံစိုက်ပျိုးသူများ၏ အတွေ့အကြုံနည်းပါးခြင်းတို့ကြောင့် အောင်မြင်မှုမရခဲ့ပါ။ လွတ်လပ်ရေးရပြီးနောက် ၁၉၆၀ ပြည့်နှစ်များတွင် အစိုးရ၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ပေါ်ဒေသများ၌ အာရေးဗီးကားကော်ဖီ စိုက်ပျိုးရေးကို တွန်းအားပေးခဲ့သည်။ သို့သော် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ၊ စနစ်တကျပြုပြင်ထုတ်လုပ်မှုနည်းပညာမရှိခြင်းနှင့် ကုန်သွယ်မှုကန့်သတ်ချက်များကြောင့် မြန်မာ့ကော်ဖီ၏ အရည်အသွေးသည် နိုင်ငံတကာစံနှုန်းနှင့် ဝေးကွာခဲ့ရသည်။

**နိုင်ငံတကာအသိအမှတ်ပြုမှုနှင့် လက်ရှိအခြေအနေ**

မြန်မာ့ကော်ဖီလုပ်ငန်း၏ ထူးခြားသောအောင်မြင်မှုမှတ်တိုင်မှာ ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် စတင်ခဲ့သည်။ မြန်မာနိုင်ငံ ကော်ဖီအသင်းက ဦးဆောင်ကျင်းပခဲ့သည့် ကော်ဖီအရည်အသွေးအကဲဖြတ်ပြိုင်ပွဲများတွင် မြန်မာ့ကော်ဖီသည် အမြင့်ဆုံးဖြစ်သောအမှတ် ၈၉ မှတ်ထိရရှိခဲ့သည်။ ဤရလဒ်သည် မြန်မာ့ကော်ဖီကို ကမ္ဘာ့အသိအမှတ်ပြုအဆင့်သို့ ရောက်ရှိစေခဲ့သည်။ အထူးသဖြင့် ပြင်ဦးလွင်၊ ရွာငံ၊ နောင်ချိုနှင့် ပင်းတယဒေသတို့မှထွက်ရှိသည့် အာရေးဗီးကားကော်ဖီမျိုးသည် အာမခံချက်ရှိသောအရည်အသွေးဖြင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ခဲ့သည်။ ဤသို့ နိုင်ငံတကာအသိအမှတ်ပြုမှု ရရှိလာခြင်းကြောင့် မြန်မာ့ကော်ဖီသည် အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ ဩစတြေးလျနှင့် ပြင်သစ်နိုင်ငံတို့အပါအဝင် ဝယ်ယူသူများစွာကို ဆွဲဆောင်နိုင်ခဲ့သည်။ ဤကဏ္ဍ၏ အရေးပါမှုကြောင့် ၂၀၁၈ ခုနှစ်ခန့်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကော်ဖီစိုက်ဧကစုစုပေါင်းဧက ၂၀၀၀၀၀ ပြည့်မီရန် ရည်မှန်းချက်ထားရှိခဲ့ပြီး ရှမ်းပြည်နယ်ကဲ့သို့ ကုန်းမြင့်ဒေသများတွင် အာရေးဗီးကားကိုလည်းကောင်း၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးကဲ့သို့သော ကုန်းနိမ့်ဒေသများတွင် ရိုဘတ်စတာကော်ဖီကိုလည်းကောင်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍ၏ တန်ဖိုးမြင့်ပို့ကုန်တစ်ခုဖြစ်သည့် ကော်ဖီထုတ်လုပ်မှုကို အလေးထားမြှင့်တင်ခြင်းသည် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝနှင့်ဝင်ငွေကို မြှင့်တင်ပေးနိုင်သည်။

**စိုက်ပျိုးရေးနှင့်စီးပွားရေးတိုးတက်ရန်နည်းလမ်းများ**

မြန်မာ့ကော်ဖီသည် နိုင်ငံတော်၏ အနာဂတ်စီးပွားရေးအတွက် ရေရှည်တည်တံ့မည့် အာမခံချက်တစ်ခုဖြစ်လာစေရန် အစိုးရနှင့် ပုဂ္ဂလိကတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ အရည်အသွေးမြင့် မျိုးသန့်ကော်ဖီများထုတ်လုပ်ခြင်းနှင့် နိုင်ငံ၏ရာသီဥတု၊ မြေဆီလွှာနှင့် ကိုက်ညီသောဒေသများတွင် ရိုဘတ်စတာကော်ဖီတိုးချဲ့စိုက်ပျိုးခြင်းတို့သည် အထွက်နှုန်းကို သိသိသာသာမြှင့်တင်ပေးမည်ဖြစ်သည်။ ကော်ဖီစိုက်တောင်သူများကို နိုင်ငံတကာစံနှုန်းများအတိုင်း ကော်ဖီစိုက်ပျိုးပြုစုမှုနှင့် ပြုပြင်ထုတ်လုပ်မှုနည်းပညာများပေးအပ်ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များရယူပေးခြင်း၊ နိုင်ငံတကာကော်ဖီပြပွဲများတွင် ပါဝင်ပြသခြင်းတို့သည် ဈေးကွက်အခွင့်အလမ်းများကို တိုးပွားစေမည်ဖြစ်သည်။ ထို့ပြင် တောင်သူများ၏ထွက်ကုန်များအတွက် မျှတသောဈေးနှုန်းရရှိစေရန်နှင့် ဈေးကွက်အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် နိုင်ငံတကာဝယ်လက်များနှင့် တိုက်ရိုက်ကုန်သွယ်မှုလမ်းကြောင်းများ ဖန်တီးပေးခြင်းများရရှိစေမည်ဖြစ်သည်။

**❖ မြန်မာ့ကော်ဖီလုပ်ငန်း၏ ထူးခြားသောအောင်မြင်မှုမှတ်တိုင်မှာ ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် စတင်ခဲ့သည်။ မြန်မာနိုင်ငံ ကော်ဖီအသင်းက ဦးဆောင်ကျင်းပခဲ့သည့် ကော်ဖီအရည်အသွေးအကဲဖြတ်ပြိုင်ပွဲများတွင် မြန်မာ့ကော်ဖီသည် အမြင့်ဆုံးဖြစ်သောအမှတ် ၈၉ မှတ်ထိရရှိခဲ့သည်။ ဤရလဒ်သည် မြန်မာ့ကော်ဖီကို ကမ္ဘာ့အသိအမှတ်ပြုအဆင့်သို့ ရောက်ရှိစေခဲ့သည်။ အထူးသဖြင့် ပြင်ဦးလွင်၊ ရွာငံ၊ နောင်ချိုနှင့် ပင်းတယဒေသတို့မှထွက်ရှိသည့် အာရေးဗီးကားကော်ဖီမျိုးသည် အာမခံချက်ရှိသောအရည်အသွေးဖြင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ခဲ့သည်။ ❖**

**ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ**

မြန်မာ့ကော်ဖီလုပ်ငန်းသည် ၂၀၁၈-၂၀၂၃ ခုနှစ် စိုက်ဧက ၂၀၀၀၀၀ ပြည့်မီရေးရည်မှန်းချက်မှတစ်ဆင့် ၂၀၃၀ ပြည့်နှစ်တွင် အရည်အသွေးကောင်းမွန်သောကော်ဖီကို စုစုပေါင်းတန်ချိန် ၆၀၀၀၀ ခန့် ထုတ်လုပ်ရန် ပိုမိုကြီးမားသည့် ရည်မှန်းချက်ကို ချမှတ်ထားသည်။ ဤတန်ချိန် ၆၀၀၀၀ ခန့်ထုတ်လုပ်ရန် ရည်မှန်းချက်သည် ကော်ဖီမှတစ်ဆင့် နိုင်ငံ GDP ကို တိုးမြှင့်ပေးရန်၊ ပို့ကုန်ဝင်ငွေရရှိစေရန်နှင့် နိုင်ငံတကာဈေးကွက်တွင် ခိုင်မာစွာရပ်တည်နိုင်စေရန်ဖြစ်သည်။

ဤပန်းတိုင်ကို အထောက်အကူပြုရန် ဈေးကွက်မဟာဗျူဟာတစ်ခုမှာ နိုင်ငံခြားတွင် မြန်မာ့ကော်ဖီသီးသန့်ဆိုင်များတည်ထောင်ခြင်းဖြစ်သည်။ ကော်ဖီသောက်သုံးမှုမြင့်မားသော နိုင်ငံများဖြစ်သည့် တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံတွင် တန်ဖိုးမြင့်ထုတ်ကုန်များကို ဈေးကွက်၏ဝယ်ယူနိုင်စွမ်းအလိုက် မြှင့်တင်ရောင်းချခြင်းဖြင့် ကုန်ကြမ်းရောင်းရငွေထက် ပိုမိုမြင့်မားသောအမြတ်အစွန်းကို ရရှိမည်ဖြစ်သည်။ ဤဆိုင်များသည် မြန်မာ့ကော်ဖီ၏ သမိုင်းကြောင်းကို စားသုံးသူများထံ တိုက်ရိုက်ပြောပြနိုင်ပြီး မြန်မာ့ကော်ဖီအမှတ်တံဆိပ်တစ်ခုကို နိုင်ငံတကာတွင် ခိုင်မာစွာတည်ဆောက်နိုင်စေမည်ဖြစ်သည်။ ထိုသို့ အမှတ်တံဆိပ်တည်ဆောက်ရာတွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၊ ဒေသခံကော်ဖီလုပ်ငန်းရှင်များနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဖွဲ့ခြင်းသည်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။

ကော်ဖီ စိုက်ပျိုးရာတွင် စိုက်ပျိုးရေးစီမံကိန်းနှင့် မျိုးပွားခြင်းကို အာရုံစိုက်ရမည်ဖြစ်ပြီး အရည်အသွေးမြင့်ကော်ဖီထုတ်လုပ်မှုကိုအားပေးရန်နှင့် အထွက်နှုန်းကောင်းသောမျိုးသန့်များကို သုတေသနပြုထုတ်လုပ်ပေးရန် လိုအပ်သည်။ ထို့ပြင် နိုင်ငံခြားသွင်းကုန်ကို လျှော့ချနိုင်သော ရိုဘတ်စတာကော်ဖီမျိုးကို ရေ၊ မြေ၊ ရာသီဥတု၊ ပင်လယ်ရေမျက်နှာပြင်အမြင့်နှင့် ကိုက်ညီသည့် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ နေရာတချို့တွင် တိုးချဲ့စိုက်ပျိုးရန် လိုအပ်သည်။

ကော်ဖီလုပ်ငန်းသည် စိုက်ပျိုးရေးအဆင့်တွင်သာ ရပ်တန့်နေခြင်းမရှိဘဲ စက်မှုကဏ္ဍသို့ တိုးချဲ့ဝင်ရောက်လာသည့်အခါတွင် တန်ဖိုးမြင့်ထုတ်ကုန်များဖန်တီးကာ နိုင်ငံ့စီးပွားရေးအတွက် သိသာထင်ရှားသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ ၎င်းတွင် စိုက်ခင်းမှ ဈေးကွက်သို့ရောက်ရှိရန် အဆင့်ဆင့်သော စက်မှုလုပ်ငန်းများပါဝင်သည်။ ဥပမာအားဖြင့် အဆင့်မြင့်ပြုပြင်ထုတ်လုပ်မှုဖြစ်သည့် အစို၊ အခြောက်ပြုပြင်ခြင်းအတွက် ခေတ်မီစက်ကိရိယာများလိုအပ်သည်။ ထို့အတူ နိုင်ငံတကာစံချိန်မီလှော်ထားသောကော်ဖီစေ့များနှင့် မြေလှော်ကော်ဖီမှုန့်များအဖြစ်ထုတ်လုပ်နိုင်ရန်အတွက် အစေ့လှော်ခြင်းနှင့် ထုပ်ပိုးခြင်း စက်မှုလုပ်ငန်းများကို တည်ထောင်ရန်လိုအပ်သည်။ ထို့မှတစ်ဆင့် ဖျော်စပ်ပြီး အသင့်သောက်သုံးနိုင်သောကော်ဖီ၊ ကော်ဖီအနှစ်စသည့် တန်ဖိုးမြင့်ထုတ်ကုန်များကို ဖန်တီးထုတ်လုပ်ခြင်းဖြင့် ဝင်ငွေတိုးစေမည်ဖြစ်သည်။ ကော်ဖီထုတ်လုပ်မှုနည်းပညာမြှင့်တင်မှုအနေဖြင့် ခူးဆွတ်ပြီးနောက်ပိုင်း အသီးပြုပြင်ထုတ်လုပ်မှုနည်းပညာတို့ကို စနစ်တကျသင်ကြားပေးခြင်းဖြင့် ကော်ဖီအရည်အသွေးကို မြှင့်တင်ပေးနိုင်သည်။

**ကျန်းမာရေးနှင့် လူမှုရေးအကျိုးကျေးဇူးများ**

ကော်ဖီသည် စီးပွားရေးအရ အရေးပါရုံသာမက လူသားတို့၏ ကျန်းမာရေးနှင့် နေ့စဉ်လူမှုဘဝအတွက်လည်း နည်းလမ်းပေါင်းစုံဖြင့် အကျိုးပြုလျက်ရှိသည်။ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးရှုထောင့်မှကြည့်လျှင် ကော်ဖီကို ပုံမှန်သောက်သုံးခြင်းသည် မှတ်ဉာဏ်ကိုကောင်းမွန်စေပြီး ဦးနှောက်လုပ်ဆောင်ချက်များကို အထောက်အကူပြုကြောင်း လေ့လာမှုများက ဖော်ပြသည်။ ထို့ပြင် ကော်ဖီတွင်ပါဝင်သော ဓာတ်များသည် စိတ်ကျရောဂါဖြစ်နိုင်ခြေကို ၆၅ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သုတေသနပြုချက်များတွင် ဖော်ပြထားသည်။ နေ့စဉ်ဘဝတွင်မူ ကော်ဖီသည် တန်ဖိုးမဖြတ်နိုင်သော ပျော်ရွှင်မှုနှင့် အပန်းဖြေချိန်ကို ဖန်တီးပေးသည်။ ကော်ဖီကြိုက်နှစ်သက်သူများအနေဖြင့် နံနက်စောစောအိပ်ရာထချိန် သို့မဟုတ် နေ့လယ်အချိန်များတွင် ကော်ဖီတစ်ခွက်သောက်သုံးရခြင်းသည် စိတ်လန်းဆန်းမှုကို ရရှိစေသည်။ လုပ်ငန်းခွင်၌လည်း ကော်ဖီသောက်ချိန်သည် ဝန်ထမ်းများကြား အရေးကြီးသောအနားယူဆွေးနွေးချိန်အဖြစ် တိုးတက်လာခဲ့ပြီး လူမှုဆက်ဆံရေးနှင့်အဖွဲ့အစည်းများအတွင်း ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ပေးသော ယဉ်ကျေးမှုတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

**ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ကော်ဖီ၏ အခွင့်အလမ်းများ**

ကမ္ဘာပေါ်တွင် ကော်ဖီသောက်သုံးမှုသည် တဖြည်းဖြည်းမြင့်မားလာနေပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း သိသာသောရာခိုင်နှုန်းဖြင့် တိုးတက်လာခဲ့ကြောင်း လေ့လာမှုများက ဖော်ပြသည်။ ကမ္ဘာတစ်ဝန်းတွင် ကော်ဖီသောက်သူများ ဆက်လက်တိုးပွားနေမည်ဖြစ်သောကြောင့် အနာဂတ်တွင် ကော်ဖီသည် ဈေးကွက်ဝင်သီးနှံတစ်ခုအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ ဤသို့သော အလားအလာကောင်းသည့် ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ကော်ဖီသည် ထူးခြားသောအရသာနှင့် ကမ္ဘာ့အဆင့်မီ အရည်အသွေးလက်ခံမှုများကြောင့် ပြည်ပပို့ကုန်အနေဖြင့် အခွင့်အလမ်းများရရှိလာမည်ဖြစ်သည်။ အဆိုပါအခွင့်အလမ်းများကို အပြည့်အဝအသုံးချနိုင်ရန် မဟာဗျူဟာမြောက်ဆောင်ရွက်ရမည်ဖြစ်ရာ ပထမဆုံးအနေဖြင့် ကော်ဖီသောက်သုံးမှုမြင့်မားသောနိုင်ငံများတွင် မြန်မာ့ကော်ဖီသီးသန့်ဆိုင်များပေါ်ထွန်းလာစေရန် တွန်းအားပေးဆောင်ရွက်ခြင်းဖြင့် တန်ဖိုးမြင့်အမှတ်တံဆိပ်တစ်ခုကို တည်ဆောက်ရမည်ဖြစ်သည်။

မြန်မာ့ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ပို့ကုန်ဝင်ငွေတိုးပွားရေးကိုသာမက ကော်ဖီစိုက်ပျိုးရာကုန်းမြင့်ဒေသများရှိ ကော်ဖီစိုက်သူမိသားစုများ၏ လူမှုစီးပွားဘဝအပေါ် သိသာထင်ရှားသောအကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။ ကော်ဖီသည် တန်ဖိုးမြင့်သီးနှံဖြစ်သောကြောင့် တောင်သူများသည် ၎င်းတို့၏ ရိုးရိုးကုန်ကြမ်းဈေးနှုန်းထက် ပိုမိုကောင်းမွန်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ပြီး နှစ်ရှည်ခံ၊ တည်ငြိမ်သောဝင်ငွေများကို ရရှိစေသည်။ ထို့ပြင် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ဒေသခံများ မြို့ပြသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းကို လျှော့ချစေမည်ဖြစ်သည်။ နိုင်ငံတကာစံနှုန်းများကို လိုက်နာကျင့်သုံးခြင်းသည်လည်း ကော်ဖီစိုက်တောင်သူများ၏ လူမှုဖူလုံရေးကို အာမခံချက်ပေးသည်။

နိဂုံးချုပ်အားဖြင့် မြန်မာ့ကော်ဖီလုပ်ငန်းသည် ရိုးရှင်းသော စိုက်ပျိုးရေးကဏ္ဍတစ်ခုမျှသာမက နိုင်ငံတော်၏ အနာဂတ်စီးပွားရေးအတွက် တည်ငြိမ်ပြီး ရေရှည်တည်တံ့မည့် အာမခံချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် အရည်အသွေးမြင့်ကော်ဖီထုတ်လုပ်မှုကို နည်းပညာနှင့် စီးပွားရေးမဟာဗျူဟာကျကျ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ကော်ဖီသည် ကမ္ဘာ့ဈေးကွက်တွင် ခိုင်မာစွာရပ်တည်နိုင်မည့်အခွင့်အလမ်းများနှင့် စီးပွားရေးတံခါးသစ်များကို ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


၁။ www.moali.gov.mm

၂။ www.moi.gov.mm

၃။ www.myawaddy.net.mm

၄။ နေ့စဉ်ထုတ်သတင်းစာများ။

# လာမဲ့စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ပွဲစဉ်တွေထဲက နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ စပါးအသင်း၊ အင်တာမီလန်အသင်း၊ ဝုဖ်ဘတ်အသင်းတို့ကို အကြိုက်တွေ့မိပါတယ်

M L




ဥရောပဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲတွေဟာ ရာသီဝက်ကာလနီးပါးကို ရောက်ရှိလာခဲ့သလို ဒီကာလမှာ ပြိုင်ပွဲအသီးသီးတွေဟာ ဆက်တိုက်ယှဉ်ပြိုင်ကစားနေကြရပါတယ်။ လက်ရှိမှာ ပရီးမီးယားလိဂ်ဆောင်းရာသီ ဘောက်ဆင်ဒေးကာလပြိုင်ပွဲတွေအနေနဲ့လဲ ယှဉ်ပြိုင်ကစားလာကြမှာဖြစ်သလို ပြီးခဲ့တဲ့ကြားရက်မှာလဲ ပရီးမီးယားလိဂ်ပွဲစဉ် (၁၄)၊ စပိန်လာလီဂါပွဲစဉ် (၁၉) ပွဲကျန်၊ စပိန်ကိုပါဒယ်ရေးဖလားနဲ့ ဂျာမန်ပိုကယ်ဖလား ၁၆ သင်းဆင့်ပြိုင်ပွဲတွေ ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ ကြားရက်ပရီးမီးယားလိဂ်ပြိုင်ပွဲမှာဆိုရင် အမှတ်ပေးဇယားထိပ်ဆုံးနေရာက အာဆင်နယ်အသင်းအနေနဲ့ ဘရန့်ဖို့ဒ်အသင်းကို အိမ်ကွင်းမှာ နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့သလို မန်စီးတီးအသင်းအနေနဲ့လဲ ဖူလ်ဟမ်အသင်းကို အဝေးကွင်းမှာ လေးဂိုး ငါးဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အဆင့်(၂) နေရာမှာပဲ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ လက်ရှိ ဆောင်းရာသီပွဲကျပ်ပွဲဆက်ကာလတစ်လျှောက် မထင်မှတ်တဲ့ရလဒ်တွေ ထွက်ပေါ်မြဲဖြစ်တဲ့အတိုင်း ချဲလ်ဆီးအသင်းကတော့ လိဒ်အသင်းကို သုံးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရသလို ခြေစွမ်းပိုင်းရုန်းကန်နေရဆဲဖြစ်တဲ့ လီဗာပူးအသင်းအနေနဲ့လဲ အိမ်ကွင်းမှာ ဆန်းဒါးလန်းအသင်းကို တစ်ဂိုးစီ သရေရလဒ်သာကစားနိုင်ခဲ့တာကြောင့် လာမဲ့ပရီးမီးယားလိဂ်ပွဲစဉ်တွေအနေနဲ့လဲ ပရိသတ်စိတ်ဝင်စားစရာ၊ စောင့်ကြည့်ချင်စရာအကောင်းဆုံးဥရောပပွဲစဉ်လိဂ်အနေနဲ့ ရပ်တည်နေဆဲဖြစ်ပါတယ်။ ဒ့ါပြင် စပိန်လာလီဂါပွဲစဉ်(၁၉) ပွဲကျန်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ဘီလ်ဘာအိုအသင်းကို သုံးဂိုးပြတ်နဲ့အနိုင်ရရှိခဲ့ပြီး လာလီဂါအမှတ်ပေးဇယားအဆင့်(၁)နေရာက ဘာစီလိုနာအသင်းနဲ့ တစ်မှတ်သာကွာဟတော့တဲ့အနေအထားကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒ့ါကြောင့် ဒီတစ်ပတ်စနေနေ့ညမှာလဲ ဆက်တိုက်ယှဉ်ပြိုင်ကစားနေရတဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်သုံးပွဲကို ရွေးချယ်သုံးသပ်တင်ပြလိုက်ရပါတယ်။

## စပါးအသင်း နိုင်ပွဲပြန်လည်ရရှိသွားမှာပါ

ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့စပါးအသင်းအနေနဲ့ အခုတစ်ပတ်ပွဲစဉ်မှာ ဘရန့်ဖို့ဒ်အသင်းကို အိမ်ကွင်းမှာ ပရီးမီးယားလိဂ်ပွဲစဉ်(၁၅)အဖြစ် ယှဉ်ပြိုင်ကစားရမှာပဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ကြားရက် ပွဲစဉ်(၁၄) အဝေးကွင်းပွဲစဉ်မှာ နယူးကာဆယ်အသင်းကို နောက်ကလိုက်ကစားခဲ့ရပြီး နှစ်ဂိုးစီသရေရလဒ်ရရှိခဲ့တာပဲဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာဆိုရင် သူတို့အသင်းအနေနဲ့ နယူးကာဆယ်လိုအိမ်ကွင်းခြေစွမ်းပိုင်းမာကျောတဲ့ အသင်းကို တိုက်စစ်ပိုင်းက ဂိုးတွေအပြန်အလှန်သွင်းယူနိုင်ခဲ့သလို ကွင်းလယ်နဲ့ ခံစစ်ပိုင်းအနေနဲ့လဲ အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ စပါးအသင်းဟာ ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာဆိုရင် မန်ယူနဲ့ နယူးကာဆယ်အသင်းတို့ကို သရေကစားနိုင်ခဲ့ပြီး အာဆင်နယ်၊ ပီအက်စ်ဂျီနဲ့ဖူလ်ဟမ်အသင်းတို့ကိုတော့ ဆက်တိုက်ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒ့ါကြောင့် သူတို့အသင်းအနေနဲ့ ပရီးမီးယားလိဂ်မှာ လက်ရှိအမှတ်ပေးဇယားအဆင့်(၁၁)နေရာထိ ကျဆင်းခဲ့ပြီး ရမှတ် ၁၉ မှတ်သာရရှိသေးတာကြောင့် အခုလို အိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိအောင် နည်းပြသောမတ်စ်ဖရန့်ခ်အနေနဲ့ အကောင်းဆုံးပြင်ဆင်ကစားလာမှာပဲဖြစ်ပါတယ်။

လက်ရှိမှာ ပရီးမီးယားလိဂ်ပွဲစဉ်(၁၄)ပွဲကစားအပြီး ခြောက်ပွဲနိုင် တစ်ပွဲသရေ ခုနစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၉ ထိရယူထားနိုင်ခဲ့တဲ့ ဘရန့်ဖို့ဒ်အသင်းကတော့ အဆင့်(၁၃)နေရာမှာရပ်တည်နေပါတယ်။သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ကြားရက်အဝေးကွင်းပွဲစဉ်မှာ အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး ပရီးမီးယားလိဂ်နောက်ဆုံးအဝေးကွင်းသုံးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရတာပဲဖြစ်ပါတယ်။ ဒ့ါပြင် စပါးအသင်းဟာ လက်ရှိဘောလုံးရာသီမှာလဲ အဝေးကွင်းပွဲစဉ် ခုနစ်ပွဲယှဉ်ပြိုင်ကစားခဲ့ရာမှာ တစ်ပွဲသာအနိုင်ရရှိခဲ့ပြီး သရေပွဲမရှိဘဲ ခြောက်ပွဲထိ ရှုံးနိမ့်ထားတာကြောင့် နိုင်ပွဲပြန်လည်ရရှိဖို့ ကြိုးစားကစားလာမဲ့ စပါးအသင်းနဲ့ပွဲစဉ်မှာ ခံစစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဘရန့်ဖို့ဒ်အသင်းအနေနဲ့လဲ အခုဘောလုံးရာသီ အိမ်ကွင်းပွဲစဉ်တွေမှာသာ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး မန်ယူ၊ လီဗာပူးနဲ့ နယူးကာဆယ်အသင်းတို့ကို အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်ခဲ့ပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ ဘရိုက်တန်၊ ပဲလေ့စ်အသင်းတို့ကို ဆက်တိုက်ရှုံးနိမ့်ထားကြပါတယ်။ ဒါကြောင့် လက်ရှိအဝေးကွင်းခြေစွမ်းပိုင်းကျဆင်းနေတဲ့ သူတို့အသင်းအနေနဲ့ စပါးအသင်းရဲ့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ ခက်ခဲနေမှာပဲဖြစ်ပါတယ်။ ဒ့ါကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမဲ့ စပါးအသင်းပဲ နိုင်ပွဲပြန်လည်ရရှိသွားမှာပါ။

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပါး | ၂ | - | ၂ | မန်ယူ |
| အာဆင်နယ် | ၄ | - | ၁ | စပါး |
| ပီအက်စ်ဂျီ | ၅ | - | ၃ | စပါး |
| စပါး | ၁ | - | ၂ | ဖူလ်ဟမ် |
| နယူးကာဆဘ် | ၂ | - | ၂ | စပါး |

### ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၂ | - | ၀ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | နယူးကာဆယ် |
| ဘရိုက်တန် | ၂ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | ဘန်လေ |
| အာဆင်နယ် | ၂ | - | ၀ | ဘရန့်ဖို့ဒ် |

## အင်တာမီလန်အသင်းကိုပဲ အားပေးရမှာပါ

ဒီတစ်ပတ်ပွဲစဉ်မှာ စီးရီးအေအမှတ်ပေးဇယားအဆင့်(၃)နေရာက အင်တာမီလန်အသင်းနဲ့ လက်ရှိဘောလုံးရာသီမှာ အကောင်းဆုံးခြေစွမ်းပြကစားပြီး အမှတ်ပေးဇယားအဆင့်(၅)နေရာ ရပ်တည်နေတဲ့ ကိုမိုအသင်းတို့ပွဲစဉ်ဟာ စီးရီးအေပွဲစဉ်(၁၄)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကြားရက်မှာလဲ အင်တာမီလန်အသင်းအနေနဲ့ ကိုပါအီတာလီယာဖလား ၁၆ သင်းဆင့်ပွဲစဉ်ယှဉ်ပြိုင်ကစားထားပြီး အဲဒီပွဲစဉ်မှာဆိုရင် အောက်တန်းကလပ် ဗီနီဇီးယားအသင်းကို ငါးဂိုး တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ဒ့ါပြင် လက်ရှိဘောလုံးရာသီမှာ အင်တာမီလန်အသင်းအနေနဲ့ နည်းပြခရစ္စတီယန်ချီဗူလက်ထက်မှာ ပုံစံကောင်းတွေရနေပြီး ကစားသမားတွေအနေနဲ့လဲ အသင်းလိုက်စွမ်းဆောင်မှုတွေ အကောင်းဆုံးဖြစ်နေတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ စီးရီးအေငါးပွဲမှာ အေစီမီလန်အသင်းကိုသာ တစ်ဂိုးတည်းနဲ့ ကပ်ရှုံးနိမ့်ခဲ့ပြီး ကျန်လေးပွဲစလုံးကို အနိုင်ကစားထားနိုင်တာကို တွေ့ရပါတယ်။ အဲဒီပွဲစဉ်တွေထဲကမှ အိမ်ကွင်းမှာဆိုရင် ဗီအိုရင်တီးနား၊လာဇီယိုအသင်းတို့ကို ဂိုးပြတ်အနိုင်ရယူကစားနိုင်ခဲ့တာကြောင့် အခုကိုမိုအသင်းကိုလဲ အိမ်ကွင်းမှာ တိုက်စစ်ပိုင်းအသာစီးရယူကစားနိုင်စွမ်းရှိနေပါတယ်။

ကိုမိုအသင်းကတော့ လက်ရှိဘောလုံးရာသီမှာ အံ့အားသင့်စရာကောင်းလောက်အောင် ခြေစွမ်းပိုင်းထက်မြက်နေသလို နည်းပြဖာဘရီဂတ်စ်အနေနဲ့အသင်းကို အကောင်းဆုံးပုံဖော်ထားနိုင်တာကို တွေ့ရပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကထက် ခြေစွမ်းပိုင်းထက်မြက်မှုရှိနေသလို စီးရီးအေနောက်ဆုံး ၁၁ ပွဲဆက် ရှုံးနိမ့်မှုမရှိအောင် ကစားထားနိုင်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီထဲကမှ ထိပ်သီးအသင်းဖြစ်တဲ့ ဂျူဗင်တပ်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ နာပိုလီအသင်းကို အဝေးကွင်းမှာ ဂိုးမရှိသရေကစားနိုင်စွမ်းရှိခဲ့တာကြောင့် လက်ရှိ ဘောလုံးရာသီမှာ သူတို့အသင်းရဲ့ ခြေစွမ်းပိုင်းကို အသိအမှတ်ပြုရမှာပါ။ ဒါပေမဲ့ ကိုမိုအသင်းအနေနဲ့ အခုပွဲစဉ်မှာ အင်တာမီလန်လို အဘက်ဘက်က အသာရနေတဲ့အသင်းကို ရလဒ်ကောင်းအောင် ကစားနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒ့ါပြင် အင်တာမီလန်အသင်းအနေနဲ့လဲ ကိုမိုအသင်းနဲ့ တွေ့ဆုံထားတဲ့သုံးကြိမ်စလုံးမှာ အနိုင်ကစားထားနိုင်တဲ့အပြင် အခုအိမ်ကွင်းပွဲစဉ်မှာလဲ အကောင်းဆုံးဖိအားပေးကစားလာနိုင်တဲ့အတွက် အင်တာမီလန်အသင်းကိုပဲ အားပေးရမှာပါ။

### အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၂ | - | ၀ | လာဇီယို |
| အင်တာမီလန် | ၀ | - | ၁ | အေစီမီလန် |
| အေတီကို | ၂ | - | ၁ | အင်တာမီလန် |
| ပီဆာ | ၀ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၅ | - | ၁ | ဗီနီဇီးယား |

### ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကိုမို | ၃ | - | ၁ | ဗီရိုနာ |
| နာပိုလီ | ၀ | - | ၀ | ကိုမို |
| ကိုမို | ၀ | - | ၀ | ကယ်ဂလီယာရီ |
| တိုရီနို | ၁ | - | ၅ | ကိုမို |
| ကိုမို | ၂ | - | ၀ | ဆက်ဆူလို |

## ဝုဖ်ဘတ်အသင်းကိုပဲ အကြိုက်တွေ့မိပါတယ်

ဒီတစ်ပတ် ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ပွဲစဉ်(၁၃)အဖြစ် ယှဉ်ပြိုင်ကစားလာမဲ့ ဝုဖ်ဘတ်နဲ့ ယူနီယံဘာလင်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိမှာ သူတို့နှစ်သင်းစလုံးအနေနဲ့ နိုင်ပွဲတွေ ပျောက်ဆုံးနေခဲ့ပြီး ဝုဖ်ဘတ်အသင်းက အဆင့်(၁၅)နေရာမှာ ရပ်တည်နေသလို ယူနီယံဘာလင်အသင်းကလဲ အဆင့်(၁၁)နေရာမှာ ရပ်တည်နေကြပါတယ်။ ဝုဖ်ဘတ်အသင်းအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် အခုလို တန်းဆင်းဇုန်အထက် အဆင့်(၁၅)နေရာမှာ ရမှတ်ကိုးမှတ်နဲ့ ရပ်တည်နေသလို ပွဲစဉ် ၁၂ ပွဲကစားပြီးချိန်မှာလဲ နှစ်ပွဲသာအနိုင်ရထားပြီး သုံးပွဲသရေ ခုနစ်ပွဲရှုံးနိမ့်ထားတာပါ။ သူတို့အသင်းအနေနဲ့ တန်းဆင်းဇုန်အတွင်းက အသင်းတွေဖြစ်တဲ့ ဟိုက်ဒမ်ဟိန်း၊ စိန့်ပေါ်လီ၊ မိန့်ဇ်အသင်းတို့နဲ့ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းအောင် အကောင်းဆုံးပြင်ဆင်လာပါလိမ့်မယ်။

ယူနီယံဘာလင်အသင်းကတော့ လက်ရှိမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘူးလို့ ဆိုရမှာဖြစ်ပြီး ပွဲစဉ် ၁၂ ပွဲကစားထားရာမှာ လေးပွဲနိုင် သုံးပွဲသရေ ငါးပွဲရှုံးဆိုတဲ့ရလဒ်ကို ရရှိထားပါတယ်။ သူတို့အသင်းအနေနဲ့ ကြားရက်မှာ ယှဉ်ပြိုင်ကစားထားတဲ့ ဂျာမန်ပိုကယ်ဖလားပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့သလို အမှတ်ပေးပွဲစဉ်(၁၂)မှာလဲ ဟိုက်ဒမ်ဟိမ်းလိုအသင်းကို အိမ်ကွင်းမှာ ရှုံးနိမ့်ခဲ့တာကြောင့် ခံစစ်ပိုင်းဆိုးရွားနေတယ်လို့ ဆိုရမှာပါ။ ဒ့ါပြင် ယူနီယံဘာလင်အသင်းအနေနဲ့ ဝုဖ်ဘတ်အသင်းရဲ့အိမ်ကွင်းမှာ ခုနစ်ကြိမ်သွားရောက်ယှဉ်ပြိုင်ကစားထားပြီး နိုင်ပွဲမရှိခဲ့ဘဲ ခြောက်ပွဲရှုံး တစ်ပွဲသရေရလဒ်ရရှိခဲ့တာကြောင့် တွေ့ဆုံမှုတိုင်းမှာရုန်းကန်ရတတ်တဲ့အစဉ်အလာရှိနေတယ်လို့ ဆိုရမှာပါ။ ယူနီယံဘာလင်အသင်းအနေနဲ့ အသင်းရဲ့အဓိကခံစစ်ကစားသမားတွေဖြစ်တဲ့ လိုင်တီ၊ ဒိုခီတို့ လတ်တလောခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် ဝုဖ်ဘတ်အသင်းရဲ့တိုက်စစ်ပိုင်းဖိအားပေးမှုကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲအုံးမှာပါ။ ဒ့ါကြောင့် အခုပွဲစဉ်မှာ အဘက်ဘက်ကဖိအားပေးကစားလာမဲ့ ဝုဖ်ဘတ်အသင်းကိုပဲ အကြိုက်တွေ့မိပါတယ်။

### ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၀ | - | ၁ | ဟိုစတိန်း |
| ဝုဖ်ဘတ် | ၂ | - | ၃ | ဟောဘ်ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ၂ | - | ၁ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၃ | လေဗာကူဆင် |
| ဖရန့်ဖတ် | ၁ | - | ၁ | ဝုဖ်ဘတ် |

### ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၀ | - | ၀ | ဖရိုင်းဘတ် |
| ယူနီယံဘာလင် | ၂ | - | ၂ | ဘိုင်ယန်မြူးနစ် |
| စိန့်ပေါ်လီ | ၀ | - | ၁ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၁ | - | ၂ | ဟိုက်ဒမ်ဟိန်း |
| ယူနီယံဘာလင် | ၂ | - | ၃ | ဘိုင်ယန်မြူးနစ် |

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၉၃၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရွှေဘို ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၉၃၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၆၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၃၁၁ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၈၇ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၁၆၉၀ နှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၄၉ ဧက စုစုပေါင်း ၂၉၃၇ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ နေကြာဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိနှုန်းက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာသီးနှံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၂၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၅၀၇ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၄၃၃ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၃၅ ဧက စုစုပေါင်း ဧက ၆၅၀၀ ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး


ရေနံချောင်း ဒီဇင်ဘာ ၄

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘဲဆိပ်ကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဒီဇင်ဘာ ၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့်ဝန်ထမ်းများက သဖန်းချောင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သဖန်းချောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၃၀၄ သိန်း၊ မွေးမြူရေး လုပ်ကိုင်သူ လေးဦးကို ငွေကျပ်ကိုးသိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁၅ သိန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်လေးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၃၂ သိန်း ထုတ်ချေးပေးထားကြောင်း ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **နော်လူး**

**စာပေမြင့်မှ လူမျိုးတင့်မည်**



## AMM အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

We Protect The Family

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



- နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
- အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်းတျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
- ၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ချမ်း/မြောက်၊ အကွက်(၉၀၀)နေ **ဒေါ်မို့မို့ဦး** (ဘ) ဦးမြလှိုင်(၉/တတဥ(နိုင်)၁၁၂၅၄၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

Star စတား
သဘာဝရှယ်မလိုင်၊ဒိန်ချဉ်၊နို့အေး

ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်မို့မို့ဦး**က အထက်ဖော်ပြပါ **"Star စတား"အမည်ဖြင့် "သဘာဝရှယ်မလိုင် ဒိန်ချဉ်၊ နို့အေးနှင့် နို့ထွက်ပစ္စည်းမျိုးစုံ"** အမျိုးမျိုးထုတ်လုပ်ရောင်းချသည့် ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၁၂၅/၂၀၂၅)ဖြင့် မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် အထက်ပါကုန်အမှတ်တံဆိပ်အား ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားရန် ဆောင်ရွက်ပြီးဖြစ်ပါသည်။ အထက်ပါ **"Star စတား"**အမည်ဖြင့် အမှတ်တံဆိပ်များကိုအသုံးပြု၍ **"သဘာဝရှယ်မလိုင်၊ ဒိန်ချဉ်၊ နို့အေးနှင့် နို့ထွက်ပစ္စည်း"** အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ စားသုံးသူများက ကြိုက်နှစ်သက်ပြီး ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဒေါ်မို့မို့ဦး တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သုံးစွဲနေသည့် **"Star စတား" "သဘာဝရှယ်မလိုင်၊ ဒိန်ချဉ်၊ နို့အေးနှင့် နို့ထွက်ပစ္စည်းမျိုးစုံ"** ကုန်အမှတ်တံဆိပ်အမှတ်အသားကို တစ်ဦးတစ်ယောက်တည်းကဖြစ်စေ၊ အဖွဲ့အစည်း (သို့မဟုတ်) ကုမ္ပဏီတစ်ခုကဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား ထင်ယောင်ထင်မှား၊ တုပပြုလုပ်သုံးစွဲသူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မို့မို့ဦး၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ချောစု(မြစ်ငယ်)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၄၂)**
**ဥယျာဉ်တော်ရွာ၊ အမှတ်(၆)ရပ်ကွက်**
**မြစ်ငယ်မြို့။ 0943060126**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ချမ်း/မြောက်၊ အကွက်(၉၀၀)နေ **ဒေါ်ဟေမာဦး** (ဘ) ဦးမြလှိုင်(၉/တတဥ(နိုင်)၁၁၂၅၃၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကောင်းထက်
သဘာဝရှယ်မလိုင်၊ဒိန်ချဉ်၊နို့အေး

ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်ဟေမာဦး**က အထက်ဖော်ပြပါ **"ကောင်းထက်" အမည်ဖြင့် "သဘာဝရှယ်မလိုင် ဒိန်ချဉ်၊ နို့အေးနှင့် နို့ထွက်ပစ္စည်းမျိုးစုံ"** အမျိုးမျိုးထုတ်လုပ်ရောင်းချသည့် ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၁၂၄/၂၀၂၅)ဖြင့် မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် အထက်ပါကုန်အမှတ်တံဆိပ်အား ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားရန် ဆောင်ရွက်ပြီးဖြစ်ပါသည်။ အထက်ပါ **"ကောင်းထက်"**အမည်ဖြင့် အမှတ်တံဆိပ်များကိုအသုံးပြု၍ **"သဘာဝရှယ်မလိုင်၊ ဒိန်ချဉ်၊ နို့အေးနှင့် နို့ထွက်ပစ္စည်း"** အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ စားသုံးသူများက ကြိုက်နှစ်သက်ပြီး ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ဟေမာဦး တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သုံးစွဲနေသည့် **"ကောင်းထက်" "သဘာဝရှယ်မလိုင်၊ ဒိန်ချဉ်၊ နို့အေးနှင့် နို့ထွက်ပစ္စည်းမျိုးစုံ"** ကုန်အမှတ်တံဆိပ်အမှတ်အသားကို တစ်ဦးတစ်ယောက်တည်းကဖြစ်စေ၊ အဖွဲ့အစည်း (သို့မဟုတ်) ကုမ္ပဏီတစ်ခုကဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား ထင်ယောင်ထင်မှား၊ တုပပြုလုပ်သုံးစွဲသူမည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟေမာဦး၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ချောစု(မြစ်ငယ်)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၄၂)**
**ဥယျာဉ်တော်ရွာ၊ အမှတ်(၆)ရပ်ကွက်**
**မြစ်ငယ်မြို့။ 0943060126**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမက (၂၅)၊ Grade-4 တွင် ပညာသင်ကြားနေသော ဦးကျော်လင်း၏သမီး မအိဖူးစံ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအိဖူးခန့် ဖြစ်ပါကြောင်း။

**မအိဖူးခန့်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမက(၃၄)၊ Grade-1(A) တွင် ပညာသင်ကြားနေသော မောင်လင်းသုတမင်း၏ ဖခင်အမည်မှန်မှာ ဦးစောသာလင်း ဖြစ်ပါကြောင်း။

**ဦးစောသာလင်း**
**(၉/မထလ(နိုင်)၂၈၈၂၂၃)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

❖ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်မည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ်...

❖ သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ ငွေကြေးနှင့် လူအင်အားများ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရ စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု C ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု C ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၅ ရက် **(ယနေ့)** ညနေ ၅ နာရီခွဲတွင် မြန်မာယူ-၂၂အမျိုးသားဘောလုံးအသင်းနှင့် ဖိလစ်ပိုင်ယူ-၂၂ အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၅ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

(သတင်းစဉ်)

## အများပြည်သူသိရှိရန် ကြေညာခြင်း

အင်တာနက်ဝန်ဆောင်မှုများရရှိရန် နိုင်ငံတကာသို့ချိတ်ဆက်ထားသောဆက်ကြောင်းများအနက် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ သွယ်တန်းချိတ်ဆက်ထားသည့် UMOပင်လယ်ရေအောက်ဖိုင်ဘာကေဘယ်ဆက်ကြောင်းသည် ၁-၁၁-၂၀၂၅ ရက်တွင် ချို့ယွင်းပြတ်တောက်မှုဖြစ်ပေါ်ခဲ့သဖြင့် အဆိုပါဆက်ကြောင်းမှ အင်တာနက်ဝန်ဆောင်မှုရယူအသုံးပြုထားသောမိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများနှင့် Internet Service Provider (ISP)များ၏ အင်တာနက်ဝန်ဆောင်မှုများသည် နှေးကွေးမှုများဖြစ်ပေါ်ခဲ့ပါသည်။ UMO ဆက်ကြောင်းပြန်လည်ကောင်းမွန်စေရေးစီစဉ်ဆောင်ရွက်နေစဉ် အင်တာနက်ဝန်ဆောင်မှုများအဆင်ပြေစွာအသုံးပြုနိုင်စေရန် နယ်စပ်ဖြတ်ကျော်ဖိုင်ဘာဆက်ကြောင်းများ ထပ်မံတိုးမြှင့်ချိတ်ဆက်အသုံးပြုထားရှိသည့်အတွက် အင်တာနက်ဝန်ဆောင်မှုများ အထိုက်အလျောက်ပြန်လည်ကောင်းမွန်နေပြီဖြစ်ပါသည်။ UMO ဆက်ကြောင်းပြုပြင်ခြင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကုန်တွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်သဖြင့် အင်တာနက်ဝန်ဆောင်မှုများ မူလအခြေအနေသို့ မကြာမီပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**